သုဒ္ဓါဇီဝိ = သုဒ္ဓေါ အာဇီဝေါ သုဒ္ဓါဇီဝေါ။ သုဒ္ဓါဇီဝေါ အဿ အတ္ထီတိ-ဝီ။

သုဒ္ဓါဇီဝ+ဤ။ (နဲ)သုဒ္ဓ-အာ-ဇီဝဓာတ်+တဿီလ ဏီ။[၂]

## ၆။ ပဉ္စင်္ဂဒါယကဗြာဟ္မဏဝတ္ထု

ပဉ္စင်္ဂဒါယကော = ပဉ္စ အင်္ဂါနိ ဒါနာနိ ပဉ္စင်္ဂါနိ။ ဒေတီတိ ဒါယကော။

ပဉ္စင်္ဂါနံ ဒါယကော-ကော။ "ပဉ္စ အင်္ဂဒါနာနိ ဒေတိ"ကို ယောက်။

(နဲ) အင်္ဂံ ဒဒါတီတိ အင်္ဂဒါယကော။

ပဉ္စသု ဌာနေသု အင်္ဂဒါယကော-ကော။[၃]

ပရဒတ္တူပဇီဝီ = ပရေန ဒိန္နံ ပရဒတ္တံ။ ပရဒတ္တံ ဥပဇီဝတီတိ-ဝီ။[၄]

သဗ္ဗသော = သဗ္ဗံယေဝ သဗ္ဗသော။

သဗ္ဗတည်၊ သွတ္ထဒ္ဓ ဝိဘာဂေ ဓာစ-၌ စသဒ္ဒါဖြင့် သောပစ္စည်း သက်၊ သို့ သက် ချေ။

(နဲ) သဗ္ဗတည်၊ ဒီဃောရေဟိ၌ လိုက်လာသောဝါသဒ္ဒါဖြင့် သို့ကို သောပြုပါ။[၅]

နာမရူပသ္မိံ = နာမဉ္စ ရူပဉ္စ နာမရူပံ။ (သမာဟာရဝိသဘာဂဒွန်)

အချင်းချင်း လက္ခဏာကွဲလျက် ကိစ္စတူအနက်ရှိသော သဒ္ဒါ

---

၁။ဂါထာသျှ။ ၂။ပန်းကုံး။ ၃။ဓမ္မဒီ-၃၀၆။ ၄။သုတ္တနိဋ္ဌ-၁၊၂၅၈။ ၅။ဝိတော-၅၄၊ဂါထာသျှ။

http://www.dhammadownload.com



တို့ကို ဒွန်တွဲထားသောကြောင့်(သမာဟာရ)ဝိသဘာဂဏ္ဍဒွန်။
မမာယိတံ= မမ ကာဒ် မမံ။ အမှုပုဒ်၊ ကာဒ်အနက်၌ ဏသက်၊ တေသုဝုဒ္ဓိ ဖြင့် အပ့ကို မမပြု၊ မမံနောင် အာစာရအနက် အာယသက်၊ ထို နောင် တပစ္စည်းသက် ကလာ၍ မမာယိတံ-ဟု ဖြစ်၏။
(နဲ) မာ-ဓာတ်၊ မာနေ-မြတ်နိုးခြင်းအနက်၌၊ တပစ္စည်း၊ မာ၏ ဒွေဘော် မာလာ၊ ရှေ့မာ၏ အာကို ရဿပြု၊ မာနောင် ယလာ၊ ကလာ၍ မမာယိတ-ဖြစ်၏။[၁]

ပန်းကုံး၌ နောက်မာ၏ အာကို အာယပြု၍ ကလာ၏။
နာမရူပသ္မိံ မမာယိတံ=နာမရူပသ္မိံအရ လောကီစိတ်, စေတသိက်,ရုပ် သည်၊မမာယိတံအရ လောဘမူရှိ ဒိဋ္ဌိ, တဏှာအား အာရမ္မဏ။ ၈။
အသတာ= အတ္ထိ သံဝိဇ္ဇတီတိ သံ။ အသ+အန္တ၊ နပုံ။ န သံ အသံ။
သောစတိ= ဒေါသမူရှိ ဒေါမနဿဝေဒနာ။

သောက၏ ပဋိစ္စသမုပ္ပာဒ(အကြောင်း)-ဇာတိ။
သောက၏ ပဋိစ္စသမုပ္ပန္န(အကျိုး)-အဝိဇ္ဇာ။ အာသဝါနံ သမုပ္ပာဒါ အဝိဇ္ဇာ စ ပဝတ္တတိ-အရ ထုတ်သည်။

အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပာဒ-ဟုရင်း၊ သင်္ခါရစသော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန္န-ဟုရင်း ခွဲမှတ်ပါ။

**သောကကို ပဋိစ္စသမုပ္ပာဒ်အင်္ဂါ၌ မသွင်းရခြင်းအကြောင်း=**

သောကသည် ဇာတိ၏ အကျိုးရင်းမဟုတ်, အကျိုးဆက်မျှသာ ဖြစ်သောကြောင့် မသွင်းရပါ။

အကယ်၍ သွင်းလိုက "ဇာတိ၏ အကျိုးဆက်ဖြစ်ခြင်းတူသော ကြောင့်ရင်း၊ ဇရာမရဏနှင့် အနိဋ္ဌလက္ခဏာချင်း တူသောကြောင့် ရင်း" ဇရာမရဏ၌ သွင်း၍ ရေတွက်အပ်၏။-

---

၁။နိရုတ္တိ-၃၈၉၊ပါရာဘာဋီ-၂၅၃၉၊ဂါထာနိဿယ။ ၂။မစုံးငိုမ်ဋီဖြေ-၆၉၅။

http://www.dhammadownload.com



## ၇။ သမ္ဗဟုလဘိက္ခုဝတ္ထု

အဖ္လျှံဒ္ဒေသ။ အဗ္ဘွေသိတဗ္ဗောတိ အဖ္လျှံဒ္ဒေသ။ အဝိ-ဣလ+တ။
အဋ္ဌကဝဂ္ဂိကာနိ။ အဋ္ဌန္နံ သမူဟော အဋ္ဌကော။
အဋ္ဌကော ဝဂ္ဂေါ ဧတေသန္တိ အဋ္ဌကဝဂ္ဂိကာနိ။[၁]
(နဲ) အဋ္ဌကော ဝဂ္ဂေါ အဋ္ဌကဝဂ္ဂေါ။
အဋ္ဌကဝဂ္ဂေါ ဧတေသံ အတ္ထီတိ အဋ္ဌကဝဂ္ဂိကာနိ။
တိပုနာ။ တာပီယတီတိ တိပု။ တပ-သန္တာပေ၊ ကု၊ တ၏ အကို ဣပြု၊
နပုံလိင်။[၂] (နဲ) တိပတောတ်-ပိဋ္ဌနေ၊ ဥ။[၃]
ဝိလီနံ။ ဝိလီယိတ်္ဂ ဝိလီနံ။ ဝိ-လီ+တ၊ ဤကို ဤဏပြု၊ ဏကို နပြု။[၄]
အသနိ။ ဒဏ္ဍတ္တာယ အသီယတေ ခိပီယတေတိ အသနိ။ အသ-ခေပနေ၊
အနိ၊ ထီ, ပုံ။[၅] (နဲ) အာ သမန္တတော သနန္တော ဂစ္ဆန္တော ပတတီတိ
အသနိ။ အာ-သန+ဣ။[၆]
မေတ္တာဝိဟာရီ။ မိတ္တေ ဘဝါ မေတ္တာ။ ဝိဟရတိ သီလေနာတိ ဝိဟာရီ။
မေတ္တာယ ဝိဟာရီ မေတ္တာဝိဟာရီ။
မေတ္တာအရ မဟာကုသိုလ် အဒေါသ၊ ရူပကုသိုလ် ပ-ဒု-တ စျာန်ရှိ
အဒေါသတို့ကို ကောက်၍ ဝိဟာရီနှင့် သဟပြိုင်ပါ။(စတုက္ကနည်း)
ပဒံ။ အရိယေဟိ ပဋိပတဗ္ဗံ ဂန္တဗ္ဗံတိ ပဒံ။ (နဲ) ပဇ္ဇတေတိ ပဒံ။
တဟျတ္ထအရ နိဗ္ဗာန်၊ အန္တတ္ထအရ မဂ်, ဖိုလ်၊ အာဝိ။
သန္တံ။ သမ္မတ္တိ ဗ္ဗောတိ သန္တံ။ သမု-ဒိ၊ တ။
သင်္ခါရူပသမံ။ ဥပသမ္မတ္တိ ဗ္ဗောတိ ဥပသမံ။ ဥပ-သမု+အ။
သင်္ခါရာနံ ဥပသမံ သင်္ခါရူပသမံ။
သိဥ္စ။ သိစ+အ+ဟိ။ သေစတိ(ဘူ) သိဥ္စတိ(ရု)
နာဝံ။ နု-ထုတိယံ၊ အ+အာ။ ဘူဝါဒိ။ နု၏ ဥကို ဩဝုဒ္ဓိပြု၊ ဩကို အာဝ

---

၁။ပါဠိယော-၃၄၂။ ၂။မောဂ်-၇၅၅။ ၃။ဓာန်ဋီ-၄၉၃။ ၄။ရူ-၃၈၆။ ၅။မောဂ်-၇၁၁၂။ ၆။အဘှ-၂၁၀၄။

http://www.dhammadownload.com



ပြု။ နောတိ, နဝတိ-စသည်စဉ်။[၁]

(နဲ့) ဩရတော ပါရံ နေတီတိ နာဝါ။

(နဲ့) ဘာရံ နယန္တိ ဧတာယာတိ နာဝါ။[၂] နာဝါဝိယာတိ နာဝါ။

လဟုမေဿတိ= လဟု+ဧဿတိ။ ဆန်းကိုဏ်းကိုစောင့်ခြင်းငှါ မ,လာပါ။

လယ်တိ ပဝတ္တတိ လယုဘာဝေနာတိ လဟု။

လံယ(လယ်, လယိ)ဓာတ်၊ ကု။ (နဲ့) ဥ၊ နိဂ္ဂဟိတ်ချေ၊ တေသု ဝုဒ္ဓိဖြင့် ယကို ဟပြု။

ဆေတွာ= ဆေဓာတ်၊ ဆေဒနေ၊ ဒိဝါဒိ၊ တွာ၊ ဆိယတိ-စသည်စဉ်။

တတော= အပရဘာဝေ-ဟူသောပါဌ်၌ အပါဒါန်၊ အပါဒါနီစပ်ပါ။

ဟေဟိသိ= ဣဓာတ်၊ ဿသိဝိဘတ်၊ ဝုဒ္ဓိပြု၊ ကွစိဓာတုဖြင့် ဿကို ဟိပြု။

ပဉ္စ ဆိန္ဒေ= ပဉ္စအရ ဩရမ္ဘာဂိယသံယောဇဉ် ၅-ပါး၊ ဆိန္ဒေအရ အောက်မဂ် ၃-ပါး၊ ပကတူပ။

ပဉ္စ ဇဟေ= ပဉ္စအရ ဥဒ္ဓံဘာဂိယသံယောဇဉ် ၅-ပါး၊ ဇဟေအရ အရဟတ္တမဂ်၊ ပကတူပ။

ပဉ္စစုတ္တရိ ဘာဝယေ=ပဉ္စအရ မဟာကုသိုလ်ရှိ သဒ္ဓါစသောဣန္ဒြေ ၅-ပါး၊ ဘာဝယေ-၌ အန္တတ်အရ ကြွင်းမဟာကုသိုလ်စိတ္တုပ္ပာဒ်၊ သဟဇာတပြိုင်။ အကြီး-၄၊ ည, သမ်၊ ဟေ, မိ, ဏ္ဏံ, ဈာ, မဂ်။ ယထာရဟာ။

ဘာဝယေ-၌ ဘူ+ဏာယ+ဧယျ၊ ပြေ၊ ဥတ္တရိသဒ္ဒါကို အဗျယနိပါတ်ပုဒ်ဟု တိပိဓာန်ဆို၏။

ပဉ္စသင်္ဂါတိဂေါ= သဇ္ဇန္တိတိ သင်္ဂါ။ ပဉ္စ သင်္ဂါ ပဉ္စသင်္ဂါ။ ပဉ္စသင်္ဂေ အတိဂေါ ပဉ္စသင်္ဂါတိဂေါ။ (နဲ့) ပဉ္စသင်္ဂေ အတိဂစ္ဆတီတိ ပဉ္စသင်္ဂါတိဂေါ။

ပဉ္စသင်္ဂအရ ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ၊ အတိဂေါအရ မဂ်လေးပါးကောက်။

ဈာယ= ဈေ+အ+ဟိ။ တေ အာဝါယာ-ဟူသော ယောဂဝိဘာဂဖြင့် ဧကို

---

၁။ဓာန်ဋီ-၆၆၆၊ ၂။ပါတိ-ပဒတ္ထ-၂၃၀၊ဓာပန်း။

http://www.dhammadownload.com



အာယ်ပြု၊ ယ် အသိုက်ပ်၊ ဟိ-ကို ချေ။

ပမာဒေါ = ပ-မဒဓာတ်၊ ဒိဝါဒိ ယ၊ အဠတနီ ဩ၊ ကွစိဓာတုဖြင့် ယကိုချေ၊ မဍ္ဍ ဒီယပြု။[၁]

ကာမဂုဏေ = ကာမယိတဗ္ဗာတိ ကာမာ။

ကိလေသာကာမ၏ တည်ရာဝတ္ထုဖြစ်သော ရူပါရုံစသည်ကောက်။

ကာမာ စ တေ ဂုဏာ စာတိ ကာမဂုဏာ။

ဂုဏသဒ္ဒါ ဗန္ဓနအနက်ကို ဟောသော ရှင်္ဂပုဒ်။[၂]

လောဟဂုဠံ = လုနာတိ ဧတေနာတိ လောဟံ။ လူ-ဆေဒနေ၊ ကိ၊ ဟ။ ပုံ, နပုံလိင်။[၃] လောဟဿ ဂုဠော လောဟဂုဠော။

ဂိလီ = ဂိလ-ဥဂ္ဂိရဏေ၊ အဋ္ဌ ဩ၊ ဩကို ဣပြု၊ ဣကို ဤဒီယပြု။

ကန္ဒိ = ကဒိ(ကန္ဒ)ဓာတ်၊ ရောဒနေ၊ အဋ္ဌ ဩ။

အစ္စာယတော = စ္စာယတီတိ စ္စာယံ၊ န စ္စာယံ-အစ္စာယံ။ (တဿ)

နိဗ္ဗာနသန္တိကေ = သဟ အန္တေန ယံ ဝတ္တတီတိ သန္တံ။ သန္တယေဝ သန္တိကံ။ နိဗ္ဗာနဿ သန္တိကံ နိဗ္ဗာနသန္တိကံ။ (တသ္မိံ)

ငှိတော-ဟူသော ပါဌ်သေသဉ္ဇ အာဓာရ၊ အာဓေယ်စပ်။

သုညာဂါရံ = သုညံ စ တံ အဂါရံ စာတိ သုညာဂါရံ။

ပဝိဋ္ဌဿ = ပဝိသီယိတ္ထာတိ ပဝိဋ္ဌော။ ပ-ဝိသ+တ။[၄]

ပြိုင် = သုညာဂါရံအရ မဟာကုညာသံရှိ ဝိဿနာပညာ၊ ပဝိဋ္ဌဿအရ ကြွင်းမဟာကုညာသံစိတ္တုပ္ပာဒ်၊ သဟဇာတ။[၅]

(နဲ့) သုညာဂါရံအရ ဆိတ်ညိမ်သောအရပ်ဟူသော ဌာနပညတ် ပစ္စည်းတရား၊ ပဝိဋ္ဌဿအရ မဟာကုညာသံစိတ္တုပ္ပာဒ်၊ ပကတူပ။

အမာနုသီ = မနုဿာနံ အယံ မာနုသီ။ မနုဿ+ဏ+ဤ၊ ဿကို ဝိသံယော ဂပြု၊ လူတို့၏ ဥစ္စာဖြစ်သော ကာမသုခရတိ။

မာနုသီဝိယာတိ မာနုသီ။ နတ်တို့၏ ကာမသုခရတိ။

---

၁။ဂါထာသျှ။ ၂။သီဘာ-၄၊၃၀၅။ ၃။မောဂ်-၇၊၂၂၃။ ၄။ရွှ-၆၂၆။ ၅။ဝိသုဒ္ဓိ-၂၄၃၁။

http://www.dhammadownload.com



န မာနုသီ အမာနုသီ။ ဝိပဿနာဉာဏ်နှင့် သမာပတ် ၈-ပါး။[၁]
သမ္မာ= တတိယန္တနိပါတ်။[၂]
ဝိပဿတော= ဝိပဿတီတိ ဝိပဿန္တော။ (တဿ) ဝိ-ဒိသ+အန္တ။
ယတော ယတော= တတိယာကြိယာဝိသေသနအနက် တောသက်။
(နဲ) သတ္တမီအနက် တောသက်။
ဥဒယဗ္ဗယံ=ဥဒယော စ ဝယော စ ဥဒယဗ္ဗံ။
ပဉ္စန္နံ ခန္ဓာနံ ပဉ္စဝီသတိယာ လက္ခဏေဟိ ဥဒယံ=

| | |
|---|---|
| ၁။ အဝိဇ္ဇာသမုဒယာ | ရူပသမုဒယော။ |
| ၂။ တဏှာသမုဒယာ | ရူပသမုဒယော။ |
| ၃။ ကမ္မသမုဒယာ | ရူပသမုဒယော။ |
| ၄။ အာဟာရသမုဒယာ | ရူပသမုဒယော။ |

၅။ ပစ္စုပ္ပန်ရူပက္ခန္ဓာသည် ပစ္စုပ္ပန်ခဏဌ်သာ ဖြစ်၏၊ အနာဂတ်သို့မရောက်။ ဤသို့ ရူပက္ခန္ဓာ၌ ၅-ပါးဖြစ်၏။

ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၌လည်း ၁။အဝိဇ္ဇာသမုဒယာ၊ ၂။တဏှာသမုဒယာ။ ၃။ကမ္မသမုဒယာ။ ၄။ဖဿသမုဒယာ။ ၅။ပစ္စုပ္ပန်ဝေဒနာ, သညာ, သင်္ခါရတို့သည် ပစ္စုပ္ပန်၌သာ ဖြစ်ကုန်၏၊ အနာဂတ်သို့ မရောက်ကုန်။ ဤသို့ ၅-ပါးစီ ဖြစ်ကုန်၏။

| | |
|---|---|
| ၁။ အဝိဇ္ဇာသမုဒယာ | ဝိညာဏသမုဒယော။ |
| ၂။ တဏှာသမုဒယာ | ဝိညာဏသမုဒယော။ |
| ၃။ ကမ္မသမုဒယာ | ဝိညာဏသမုဒယော။ |
| ၄။ နာမရူပသမုဒယာ | ဝိညာဏသမုဒယော။ |

၅။ ပစ္စုပ္ပန်ဝိညာဏက္ခန္ဓာသည် ပစ္စုပ္ပန်ခဏဌ်သာ ဖြစ်၏၊ အနာဂတ်သို့မရောက်။ ဤသို့ ဝိညာဏက္ခန္ဓာ၌လည်း ၅-ပါးဖြစ်၏။

ဤသို့လျှင် ခန္ဓာတစ်ပါးစီ၌ ပစ္စယသမ္ဘသနနည်း ၄-နည်း၊ ခဏ

၁။ဂါထာသျှ။ ၂။ရှ-၁၃၃။

http://www.dhammadownload.com



သမ္ဗသနနည်း ၁-နည်း၊ ပေါင်း ၅-နည်းစီဖြစ်၏၊ ဤသို့အားဖြင့် ဥဒယဉာဏ်၌ ၂၅-နည်းဖြစ်၏။

ပဥ္စန္နံ ခန္ဓာနံ ပဥ္စဝီသတိယာ· လက္ခဏေဟိ ဝယံ=၌လည်း

၁။ အဝိဇ္ဇာနိရောဓာ ရူပနိရောဓော-စသည်ရေပါ။

ဥဒယဗ္ဗယံ သမ္မတိ= မဟာကုဉာသံရှိ ဥဒယဗ္ဗယဉာဏ်။

ရှေ့ပိုင်း ဥဒယဗ္ဗယဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

နောက်ပိုင်း ဥဒယဗ္ဗယဉာဏ်သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

လဘတိ= လဘတိ-ဟူလိုလျက် ဆန္ဒာနုရက္ခဏအကျိုးငှါ ဒီယပြု။

ပီတိပါမောဇ္ဇံ= ပမောဒနံ ပမောဒေါ။ ပမောဒေါယေဝ ပါမောဇ္ဇံ။

ပမောဒပုဒ်၊ သွတ္ထ၌ ဏျသက်။ (နဲ)ပကဋ္ဌော မောဒေါ-ဒေါ။[၁]

(နဲ) ပမောဒတိ ဧတေနာတိ ပါမောဇ္ဇံ။ ပ-မုဒ+ဏျ။[၂]

(နဲ) ပမုဒိတဿ ဘာဝေါ ပါမောဇ္ဇံ။ ပမုဒိတ+ဏျ။[၃]

ပီတိ စ ပါမောဇ္ဇံ စ ပီတိပါမောဇ္ဇံ။

ပီတိသည် သမ္ပယုတ်တရားတို့ကို နှစ်သက်စေခြင်း လက္ခဏာရှိ၏၊ ပါမောဇ္ဇသည် ဝမ်းမြောက်ခြင်းလက္ခဏာရှိ၏၊ ပီတိ,ပါမောဇ္ဇ နှစ်ပါးလုံးသည် နိဗ္ဗာန်သို့ရောက်စေခြင်းကိစ္စအားဖြင့် တူကြ၏၊ ဤသို့ လက္ခဏာကွဲလျက် ကိစ္စတူအနက်ရှိသော သဒ္ဒါတို့ကို ဒွန် တွဲထားသောကြောင့် ဝိသဘာဂဧကဒ္ဓန်။

သူစိ၌ "ပမုဒိတဿ စိတ္တဿ ဘာဝေါ ပါမောဇ္ဇံ"ဟု-တွဲသေး၏၊ ၎င်းနည်း၌ တဟျတ္တအရ သောမနဿဝေဒနာသည် ပစ္စည်း၊ မဟာ ကုသိုလ်သောမနဿစိတ် ၄-ပါးသည် ပစ္စယုပ္ပန်ခွဲ၍ သဟပြိုင်ပါ။

အမတံ= မရဏံ မတံ။ နတ္ထိ မတံ ဧတ္ထာတိ အမတံ။

"အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်သည်၏အဖြစ်ကြောင့်" ပီတိ ပါမောဇ္ဇကိုပင် ဤနေရာ၌ "အမတ-နိဗ္ဗာန်"ဟု ဆိုထားသည်။

---

၁။ သူစိ။ ၂။ နိရုတ္တိ-၅၃၄။ ၃။ နိရုတ္တိ-၃၄၀။

http://www.dhammadownload.com



အကျိုးဖြစ်သောနိဗ္ဗာန်၏ အမတအမည်ကို အကြောင်းဖြစ်
သော ပီတိပါမောဇ္ဇ၌ တင်စား၍ အကြောင်းဖြစ်သော ပီတိပါမော
ဇ္ဇကို ဖလူပစာအားဖြင့် အမတ-ဟု ဆိုထားသည်။
ကုန္ဒြိယဂုတ္တိ= ဂေါပနံ ဂုတ္တိ။ ကုန္ဒြိယာနံ ဂုတ္တိ ကုန္ဒြိယဂုတ္တိ။
သန္တုဋ္ဌိ= အာဇီဝပါရိသုဒ္ဓိသီလနှင့် ပစ္စယသန္နိဿိတသီလတို့ကို ယူပါ။
သုဒ္ဓါဇီဝေ= သုဒ္ဓေါ အာဇီဝေါ ဧတေဟီတိ သဒ္ဓါဇီဝါ။
ပဋိသန္ထာရဝုတ္တိ= ပဋိသန္ထရဏံ ပဋိသန္ထာရော။ ဝတ္တနံ ဝုတ္တိ။ ဝတု+တိ။
ပဋိသန္ထာရေန ဝုတ္တိ ယဿာတိ ပဋိသန္ထာရဝုတ္တိ။
အာစာရကုသလော= အာစာရေ ကုသလော အာစာရကုသလော။
ပါမောဇ္ဇဗဟုလော= ပါမောဇ္ဇံ ဗဟုလံ အဿာတိ ပါမောဇ္ဇဗဟုလော။

## ၈။ ပဥ္စသတဘိက္ခုဝတ္ထု

ပုပ္ဖိတာနိ= ပုပ္ဖံ သဉ္ဇာတံ ဧတေသံ အတ္ထီတိ ပုပ္ဖိတာနိ။
ဝဿိကပုပ္ဖာနိ= ဝဿေ ဝဿကာလေ ဇာတာနိ ဝဿိကာနိ။
ဝဿိကာနိ ပုပ္ဖာနိ ဝဿိကပုပ္ဖာနိ။
ဝဿိကာ= ဝဿကာလေ ပုပ္ဖတီတိ ဝဿိကာ။ ဝဿ+ဏ္ဏက+အာ။[1]
ဝဏ္ဋေတော=ဗန္ဓိယတေ အနေနာတိ ဝဏ္ဋံ။ ဝဋိ(ဝဏ္ဋ)+က၊ နပုံလိင်။[2]
ကကို ချေ။
မှတ်ချက်။ ဝဏ္ဋန္တိ အာဝတ္တန္တိ ဧတ္ထာတိ ဝဏ္ဋော။ ဝဏ္ဋီယတေ ဗန္ဓီယတေ
အနေနာတိ ဝဏ္ဋော။ ဝဋိ-အာဝတ္တနေ၊ ဓာရဏဗန္ဓိသယ်ာတေသု-
(ရူ-ဘာ-၂၅၇၄)၊ ရူပကိုယ်၌ "ဝဋိ"ဟု ရှိ၍၊ ဘာဋီ၌ "ဝဋိ"ဟု ရှိ
၏၊ ဝဏ္ဋတိ ဗန္ဓတိ ဧတ္ထာတိ ဝဏ္ဋော။(ပါရာဘာ-၁၅၁၄) ဝဋိ+က၊
ဝဏ္ဋံ ပုပ္ဖာဒိဗန္ဓနံ-စသည်ဖြင့် ပါဠိသက္ကတအဘိဓာန်တို့၌ နပုံလိင်

---

[1] ပန်းကုံး။ [2] သူစိ။

http://www.dhammadownload.com



ချည်းရှိ၏၊ ငွေသံလျှင်းချိတ်ဖြင့် ရှိသော်လည်း ဓာတွတ္ထသင်္ဂဟ၌ ဝဒိ-ဓာတ်ဖြင့် ဝဏ္ဏတ္ထ(အညာပြုခြင်းအနက်)ကိုလည်း ပြသောကြောင့် ဥရင်ကောက်ဖြင့်လည်း ရှိနိုင်၏-ဟု မှတ်ပါ။[၁]

မဒ္ဒဝါနိ॰ မုဒုနော ဘာဝေါ မဒ္ဒဝံ။

မုဒု+ဏာဝိသမာသဒိဟိ-ဖြင့် ဏာသက်၊ အနုဗန်ချေ၊ ဩသရေ စ-၌ စ ဖြင့် ဥကို အဝပြု၊ အာတ္တဥ-ဖြင့် မု၌ ဥကို အာပြု၊ ဒဒွေဘော်လာ၊ ကွစာဒိဖြင့် မာ၌ အာကို အရဿပြု၊ နာမ်ငဲ့ စသည်။

မဒ္ဒဝံ ဧတေသံ အတ္ထီတိ မဒ္ဒဝါနိ။[၂]

(နဲ) မုဒုမေဝ မဒ္ဒဝံ။ မုဒူနိယေဝ မဒ္ဒဝါနိ-ဟုလည်း ပြုကြသေး၏။

## ၉။ သန္တကာယတ္တေရဝတ္ထု

သီဟော॰ သုဋ္ဌု ဤဟတီတိ သီဟော။ သု-ဤဟ+ဥဿာဟေ၊ အ။[၃]

(နဲ) သသတိ ဟိံသတီတိ သီဟော။ သသဓာတ်၊ ရီဟပစ္စည်း။[၄]

(နဲ) သံ ဝိဇ္ဇမာနာ ဤဟာ အဿာတိ သီဟော။ သံ+ဤဟ-သမာသ်။

(နဲ) သဟတီတိ သီဟော။ သဟ+အ။

(နဲ) မိဂေ ဟိံသတီတိ သီဟော။ ဟိံသ+အ၊ နိဂ္ဂဟိတ်ချေ၊ ရှေ့နောက်ပြန်၊ ဒီဃပြု။[၅]

ကာယဝိဇမ္ဘနရဟိတော॰ ဝိဇမ္ဘိယတေ ဝိဇမ္ဘနာ။ ဝိ-ဇမ္ဘ(ဇဘိ)ဓာတ်+ယု၊ ဣတ္ထိ အာ၊ ဂတ္တဝိနာမေ-ကိုယ်ကိုစံပယ် ကွန့်မြူးခြင်း၌၊ ထိ, နပုံ။

ကာယဿ ဝိဇမ္ဘနာ ကာယဝိဇမ္ဘနာ။

ကာယဝိဇမ္ဘနာယ ရဟိတော ကာယဝိဇမ္ဘနရဟိတော။

သန္တကာယော॰ သန္တော ကာယော အဿာတိ သန္တကာယော။

သန္တအရ မုချအားဖြင့် ကာယဝိညတ်၊ ဥပစာအားဖြင့် ကုသိုလ်

---

၁။ သီဘာဋီ-၂၁၈၅။ ၂။ ဂါထာသျှ။ ၃။ နိဘ်ဓာ-၃၅၅။ ၄။ မောင်-၇၊၂၂၁။ ၅။ ဓာန်ဋီ-၆၁၁။

http://www.dhammadownload.com



စေတနာကောက်၊ စေတနာပစ္စည်း ဝိညာတ်ပစ္စယုပ္ပန်၊ သဟဇာတ။
ဝဋ္ဋလောကာမိသော=ဝမိယိတ္ထာတိ ဝဋ္ဋံ။ ကိလေသေဟိ အာမသီယတေတိ
အာမိသံ။ လောကေ ပရိယာပန္နံ အာမိသံ လောကာမိသံ။[၁]
ဝဋ္ဋံ လောကာမိသံ ဧတေနာတိ ဝဋ္ဋလောကာမိသော။

## ၁၀။ နင်္ဂလကုလတ္ထေရဝတ္ထု

နင်္ဂလံ= ဘူမိနင်္ဂမနင်္ဂ ကရောန္တော လုနာတီတိ နင်္ဂလံ။နု-အင်္ဂ-လူ+အ။[၂]
(နဲ) တိဏဥ္စ ကဋ္ဌဥ္စ နာသေတွာ ဂလန္တိ ပဝတ္တန္တိ ဧတေနာတိ နင်္ဂလံ။
နပုဗ္ဗ ဂလဓာတ်+ဂတိမှို၊ အ။[၃]
မာဋကေ= မီယတိ ပရိမီယတီတိ မာဋ္ဌော။ မဋ္ဌောယေဝ မာဋကော။
စောဒယ= စုဒဓာတ်+စုရာဒိ ဏယ၊ ဟိ။ ဤအလို အာချာတ်ပုဒ်။
(နဲ) စုဒ+ဏယ+အန္တ။ စောဒယံ+အတ္တာနံ-ဟု ဖြတ်၊ အတ္တာနံ-မိမိကိုယ်ကို၊ စောဒယံ(စောဒယန္တော)တိုက်တွန်းလျက်-ဟု ပေးပါ။[၁]
ပဋိမံသေထ= ပတိ-မာန+သ+ပဥ္စမီ ထ၊ ပဋိမံသထ-ဟု ရှိသင့်လျက် သ၏ အကို ပြုထားသည်။ ဝစနဝိပလ္လာသတည်း။[၁]
ဝိဟာဟိသိ= ဝိ-ဟရ+ဿသိ၊ ဟာဿစာဟင် ဿေန-ဟူသော မောဂ်(၆၊ ၂၅)သုတ်ဖြင့်ဟရဓာတ်၏ ဟကို ဿနှင့်တကွ အာဟပြု။ က္ကလည်းလာ။ (နဲ) ကွစိဓာတုသုတ်ကြီးဖြင့် ဓာတွန်ရ်ကို အာပြု။ ဿကိုလည်း ဟိပြု။
ဂတိ= ဂစ္ဆတိ အဝစရတိ, အဝစရဏဝသေန ဝါ ပဝတ္တတိ ဧတ္ထာတိ ဂတိ။[၄]

http://www.dhammadownload.com



## ၁၁။ ဝက္ကလိတ္ထေရဝတ္ထု

ဝက္ကလိ= ဝိဂတော ကလိ ဒေါသော အပရာဓော သရီရဒေါသော ဝါ ယဿာ
တိ ဝက္ကလိ။[၁] (နဲ) အပဂတော ဗျပဂတော ကလိ ဒေါသော အဿာ
တိ ဝက္ကလိ။ ဝ-ကာရာဂမံ ကတွာ ဝက္ကလီတိ ဝုစ္စတိ။[၂]
အတိတ္ထော= တိပ္ပတိ ပီဏေတီတိ တိတ္ထော။ တိပ(တိပိ)ပီဏနေ၊ ဒိ၊ တ။
န တိတ္ထော အတိတ္ထော။
သဒ္ဓါဓိမုတ္တာနံ= အဓိမုစ္စန္တီတိ အဓိမုတ္တာ။ သဒ္ဓါယ အဓိမုတ္တာ သဒ္ဓါဓိမုတ္တာ။

## ၁၂။ သုမနသာမဏေရဝတ္ထု

ဒါလိဒ္ဒိယံ= ဒလတိ ဒုဂ္ဂတဘာဝံ ဂစ္ဆတီတိ ဒလိဒ္ဒေါ။ ဒလ+က္လဒ္ဒ၊ ရုန္ဓာဒီဟိ
သုတ်။[၃] ဒလိဒ္ဒဿ ဘာဝေါ ဒါလိဒ္ဒိယံ။ ဒလိဒ္ဒ+ဏျ။
အဟု= ဟူ-အဇ္ဇ ဤ၊ အလာ၊ ကွစိဓာတုဖြင့် ဤချေ၊ ဟူ-၌ ရဿပြု။
တိဏကာဇံ= ကစတိ ဘာရံ ဗန္ဓတိ ထွောတိ ကာဇော။ စကို ဇပြု။
(နဲ) ကုစ္ဆိတေန ဝဏ်ာကာရေန ဇာယတီတိ ကာဇော။[၄]
တိဏဲ စ ကာဇော စ တိဏကာဇံ။
တေဝိဇ္ဇော= တိဿော ဝိဇ္ဇာ ဣမဿာတိ တေဝိဇ္ဇော။
ဗလက္ကာရံ= ကရဏံ ကာရော။ ဗလေန ကာရော ဗလက္ကာရော။[၅]
(နဲ) ဗလဿ, ဗလေန ဝါ ကရဏံ ဗလက္ကာရော။[၆]
ဟာဿံ= ဟရ+ဿံ၊ "အာဤအာဒီသု ဟရဿာ"ဟူသောမောဂ်(၆၊၂၈)
သုတ်ဖြင့်(ကွစိဓာတုဖြင့်) ရ်ကို အာပြု။
ဝိက္ကမပေါရိသံ= ဝိသေသေန ကမတိ ဧတေနာတိ ဝိက္ကမံ။ ဝိ-ကမ+အ။
(နဲ) ဝိက္ကမနံ, ဝိက္ကမတီတိ ဝါ ဝိက္ကမော။ ဝိ-ကမု+အ။[၇]
ပါဠိ, သက္ကတ, အဘိဓာန်တို့၌ ပုံလိင်ဖြင့်ချည်းရှိသောကြောင့်

---

၁။ မေဒိ-၃၀၈။ ၂။ အပဒ-၂၂၁၄။ ၃။ ကစ်-၆၆၁။ ၄။ သဒ္ဒသု-၃၄၇၇။
၅။ ပါဠိယော-၁၂၄။ ၆။ သဒ္ဒနီ-သုတ်-၂၁၃၂။ ၇။ သုစိ။

http://www.dhammadownload.com



ဤ၌ ပုံလိင်မှ နပုံလိင်သို့ ပြန်နေသော လိင်ဝိပလ္လာသ-ဟုကြံ။

ပုရိသာယေဝ ပေါရိသာ။ ပေါရိသာနံ ဝိက္ကမံ ဝိက္ကပေါရိသံ။[၁]

ဒဟရော= ဒဟတီတိ ဒဟရော။ ဒဟ-ဘဿီကရဏေ၊ အရ။

(နဲ) ဒုဋ္ဌု အသောဘဏံ အင်္ဂံ ဟရတီတိ ဒဟရော။ ဒု-ဟရ+ဏ။[၂]

သော ပဘာသေတိ= အရဟတ္တမဂ္ဂဉာဏေန-ဟု ကရိုဏ်းပါဌ်ထည့်။

## ၂၈။ ဗြာဟ္မဏဝဂ်

### ၁။ ပသာဒဗဟုလဗြာဟ္မဏဝတ္ထု

ပသာဒဘည်း= ဘဏိတပ္ပံတိ ဘည်း။ ဘဏ+ဏျ။ ပသာဒေန ဘည်-ည်း။

ပရက္ကမ= ပရံ-အာ-ကမု+တွာ၊ တွာကို ယပြု၊ ယဝတံသုတ်၌ ကာရသဒ္ဒါပို

ဖြင့် မျကို မပြု၊ ဒွေဘော်လာ၊ ကွစိလောပ်ဖြင့် နိဂ္ဂဟိတ်ချေ၊ ရခွင်း

ချေကပ်၊ ကဒွေဘော်လာ၊ က္ကသံယုဂ်ကြောင့် ရာ၌ ရဿပြု။

အကတညူ= ကရီယိတ္ထာတိ ကတံ။ န ကတံ အကတံ။

အကတံ ဇာနာတီတိ အကတညူ။ အကတ-ဉာ+ရူ။

အကတအရ နိဗ္ဗာန်၊ ညူအရ မဂ်,ဖိုလ်၊ အာဝိ။

အကတညူ+အသိ-၌ နောက်သရကိုသာ ချေရခြင်းအကြောင်း=

အရာကျယ်သော, ရှေ့သရချေသော သရာသရေ လောပံ-

ဟူသော သာဝကာသဝိဓိသုတ်ထက် အရာကျဉ်းသော နောက်

သရချေသော ဝါ ပရော အသရူပါ-ဟူသော အနဝကာသဝိဓိသုတ်

၏ အစီအရင်က အားကြီးသောကြောင့် နောက်သရကိုသာ ချေရ

သည်။ (ကြွင်းပုံစံများ နည်းတူ)

ပရက္ကမေန= ပရံ ပရံ အက္ကမတိ ဧတေနာတိ ပရက္ကမော။ ပရံ+အာ+ကမေန။

အဆင့်ဆင့် မြင့်သောအရာသို့ ရှေ့ရှုသွားကြောင်း ဝီရိယဖြင့်။[၃]

---

၁။ဂါထာနိဿယ။ ၂။ဓာတု-ဒီပနီ။ ၃။ဋ္ဌအခြေပြု-၁၉၇၊ရှေ့ဘာ-၁၉၇။

http://www.dhammadownload.com



မဟာကုညာသံရှိ ဝိရိယကောက်။ (နဲ) ပရာ+ကမေန-ဟုခွဲ၊ ပရာ သဒ္ဒါသည် အဘိဓာန်(၁၁၆၄)လာ အနက်တို့တွင် "ဝိက္ကမ-အား ထုတ်ခြင်းအနက်ဟောတည်း။

ရှုအလို 'ပရာ+ကမေန"၊ ရှင်္ဂြအလို "ပရံ+အာ+ကမေန"ဟု ဖြတ်။ ကွစိ လောပ်-ဖြင့် နိဂ္ဂဟိတ်ချေ၊ ရ ခွင်း ချေ ကပ်၊ ဒွေဘော် လာ၊ ဣသံယုတ်ကြောင့် ရာဠ ရသပြု။[၁]

## ၂။ သမ္ဗဟုလဘိက္ခုဝတ္ထု

ဒွယေသုး ဒွေ အံသာ(အဝယဝါ) ဧတေသန္တိ ဒွယာ။

ဒွိပုဒ်၊ အသဃ အံသာ-အနက်၌ အယပစ္စည်းသက်။[၂]

(နဲ) ဒွိဟိ ပကာရေဟိ အယန္တိ ပဝတ္တန္တီတိ ဒွယာ။

ဒွိရှေးရှိသော ဣဓာတ်၊ အပစ္စည်း၊ ဣကို အပြု။[၃]

(နဲ) ဒွိန္နံ သမူဟာ ဒွယာ။ ဒွိ+ဏ၊ တေသုဖြင့် ဒွိ၏ ဣကို အယပြုပါ။

ဇာနတေား ဇာနာတီတိ ဇာနံ။ ဉာ+နာ+အန္တ။

## ၃။ မာရဝတ္ထု

ပါရာပါရံး ပါယတိ နာဝါဒီဟိ ပါပုဏီယတီတိ ပါရံ။ ပါ-ဓာတု+ဏ၊ ရလာ။

(နဲ) ပါရယတိ တရဏ်ိဒယော ဝါရေတုန္တိ ပါရံ။ ပါရ+အ။

ပါရံဝိယာတိ ပါရံ။ အဇ္ဈတ္တိကာယတန ၆-ပါး။ (နဲ)သဒိသူကြံ။

ပါရတော အညံ တီရံ အပါရံ။ (နဲ) န ပါရံ အပါရံ။

ဗာဟိရာယတန ၆-ပါး။ ပါရံ စ အပါရံ စ ပါရာပါရံ။

ဝီတဒ္ဒရံး ဝီတော ဝိဂတော ဒရော ဧတဿာတိ ဝီတဒ္ဒရော။

---

၁။ရှုဘာ-၁။၉၇။ ၂။မောဂ်-၄၊၄၉။ ၃။ဓမ္မဒီ-၃၀၈။

http://www.dhammadownload.com



## ၄။ အညတရဗြာဟ္မဏဝတ္ထု၊

ဇာတိဂေါတ္တေန= ဂေါပိတဗ္ဗံ ရက္ခိတဗ္ဗံတိ ဂေါတ္တံ။ ဆဒါဒီဟိ တတြဏ်။[၁]

(နဲ့) ဂေါပိယတီတိ ဂေါတ္တံ။ ဂုပ-သံဝရဏေ၊ တ၊ ဂုပါဒီနဥ္စဖြင့် ဓာတွန် ချေ၍ ဒွေဘော်လာ၊ ဥကို ဩဝုဒ္ဓိပြု။[၂]

(နဲ့) ဂံ တာယတီတိ ဂေါတ္တံ။ ဂေါ-တာဓာတ်+တ။[၃]

(နဲ့) ဂဝံ သဒ္ဒံ တာယတီတိ ဂေါတ္တံ။ ဂေါ-တာ+အ။[၄]

ဇာတိ စ ဂေါတ္တံ စ ဇာတိဂေါတ္တံ။ (တေန)

ဗျာယီ= ဗျာယတီတိ ဗျာယီ။ ဗျေ+ဏီ။ အာရမ္ဘဏ္ဍ, လက္ခဏ္ဍ ၂-ပါးယူ။

အာသီနံ= အစ္ဆိတိ အာသီနော။ အာသ-ဥပဝေသနေ၊ တ၊ တကို ဤဏပြု၊ ဏကို နပြု၊ တိလိင်၊ ဤ၌ ပုံလိင်ပုရိသာဒိ။[၁]

(နဲ့) အစ္ဆတီတိ အာသီနော။[၆]

(နဲ့) အစ္ဆတိ သီလေနာတိ အာသီ။ အာသ+ဏီ၊ ပုံ ဒုတ္တိ။

ဤနည်း၌ ဒုတိယာ-ကဲ့သို့ အာသိနံ-ဟု ပြီးသင့်လျက် ဆန္ဒာနုရက္ခဏအကျိုးငှါ ဒီဃပြု၍ အာသီနံ-ဟု ပြီးသည်။

ကတကိစ္စံ= ကတံ ကိစ္စံ ယေနာတိ ကတကိစ္စော။

အနုပ္ပတ္တံ= အနုက္ကမေန ပတ္တော အနုပ္ပတ္တော။ အနု-အနုဂတအနက်ဟော၊ ပါဒိပုဗ္ဗပဒကမ္မဓာရည်း။ (နဲ့) ပတ္တောယေဝ အနုပ္ပတ္တော။[၇]

(နဲ့) အနု-ပဒ+တ။ (နဲ့) အနု-ပ-အပ+တ။[၈]

ပြိုင်= ဥတ္တမတ္ထအရ အရဟတ္တဖိုလ်စိတ်၊ အနုပ္ပတ္တအရ စေတသိက် ၃၆ ပါးယူ၍ သဟဇာတ။ (နဲ့) ဥတ္တမတ္ထ အရဟတ္တဖိုလ်ရှိ မဂ္ဂင်ရှစ်ပါး ယူ၍ ပြိုင်ပါ။

---

၁။ကစ်-၆၅၆။ ၂။ရူဘာ-၂၅၆၇။ ၃။ပါရာဘာ-၁၃၉၉_။ ၄။ရူ-၃၅၁။
၅။ရူ-၃၈၆။ ၆။တိပိဓာန်။ ၇။ဂါထာသျှ။ ၈။ပင်းကုံး။

http://www.dhammadownload.com



## ၅။ အာနန္ဒတ္ထေရဝတ္ထု

မဟာပဝါရဏာယ- ပကာရေဟိ ဒိဋ္ဌာဒီဟိ ဝါရေတိ, သံယာဒိကေ ဘဇာ ပေတိ, ဘတ္တေ ကရောတိ ဧတာယာတိ ပဝါရဏာ။ ဝရဓာတ်၏ အနက်များစွာတို့တွင် ဤ၌ ဘတ္တိအနက်ဟော။[၁]

မဟန္တီ ပူဇိတာ ပဝါရဏာ မဟာပဝါရဏာ။[၂]

ဂဏသင်္ဂဏိကံ- သင်္ဂဏနံ သင်္ဂဏိကာ။ သံ-ဂဏ+ဏွု။

ဂဏေန ဂဏေဟိ ဝါ သင်္ဂဏိကာ-ကာ။[၃]

ဂဏသင်္ဂဏိကာဟူသည် မိမိတစ်ပါးတည်း တရားတစ်မျိုးမျိုးဖြင့် မနေဘဲ အပေါင်းအဖော် အစုအဝေးနှင့် နေခြင်းတည်း။

ကိလေသာသင်္ဂဏိကာဟူသည် တစ်ယောက်တည်းနေစေကာမူ စိတ်ဖြင့် ကာမဝိတက် စသည်ကို တွေး၍ ကိလေသာဖြင့် နေခြင်းတည်း။

(နဲ) သင်္ဂဏနံ သမောဓာနံ သင်္ဂဏာ။ သင်္ဂဏာဧဝ သင်္ဂဏိကာ။

ဂဏေ ဇနသမာဂမေ သင်္ဂဏိကာ-ကာ။[၄]

အန္တောသမာပတ္တိယံ- သမာပတ္တိယာ အန္တော အန္တောသမာပတ္တိ။ အမာဒိပရပဒတပ္ပုရိသ်။[၅]

သန္နဒ္ဓေါ- သန္နယှိတ္ထာတိ သန္နဒ္ဓေါ။ သံ-နဟ+တ။[၆]

စတုရင်္ဂိနိယာ- စတ္တာရိ အင်္ဂါနိ ဧတိဿာတိ စတုရင်္ဂိနီ။ စတု+အင်္ဂ+ဣနီ။ ရလာပါ။[၇]

ဗြာဟ္မဏော- ဗြဟ္မတော အာဂတော ဗြဟ္မာ။ မြတ်သောဘုရားရှင်မှ ဖြစ်ပေါ်လာသော အရိယာမဂ်၊ ဗြဟ္မပုဒ်၊ ဏပစ္စည်း၊ အာဂတတဒ္ဓိတ်၊ ဗြဟ္မသဒ္ဒါ သေဋ္ဌအနက်ဟော။[၈]

ဗြဟ္မံ အဏတိ အညာသီတိ ဗြာဟ္မဏော။ ဗြဟ္မ-အဏဓာတ်၊ ဉာဏော၊

---

၁။ပါစိတ်ဘာ-၁၂၂၉။ ၂။ပါစိယော-၁၀၉။ ၃။သာရတ္ထ-၂၂၅၊ပါထေယျဘာ-၃၀၅။ ၄။နီဘာ-၁၆၀၅။ ၅။ရူ-၁၉၈။ ၆။ပန်းကုံး။ ၇။ကခ်ါငြိသစ်-၄၀၀။ ၈။မဏိ-၂၂၃၉။

http://www.dhammadownload.com



အပစ္စည်း၊ ရှေ့ပုဒ်အရ မဂ် ၄-ပါး၊ နောက်ပုဒ်နှင့် သဟ-ပြိုင်။

(နဲ) ဗာဟိတော အဏော ပါပေါ အနေနာတိ ဗြာဟ္မဏော။

(နဲ) ဗဟတိ ပါပေ ဗဟိ ကရောတီတိ ဗြာဟ္မဏော။

မကောင်းမှုတို့ကို အပပြုသော ရဟန္တာပုဂ္ဂိုလ်၊ ဗဟဓာတ်၊ ယု၊ ဗဟကို ဗြဟ္မပြု၊ ဗြဒ္ဓ ဒီဃပြု၊ ယုကို အနပြု၊ နကို ဏပြု။

(သို့မဟုတ်)ဗကို ဗြပြု၊ မ-လာ၊ ဒီဃပြု၍ ရုပ်ပြီးပါ။[၁]

(နဲ) ဗာဓယိတ္တ ပါပံတိ ဗြာဟ္မဏော။ မကောင်းမှုတို့ကို ပယ်သတ်အပ်ပြီးသော ရဟန္တာ။ ဗာဓဓာတ်+ယုပစ္စည်း။[၂]

(နဲ) ပါပေ အကုသလေ ဓမ္မေ ဝါဟယတီတိ ဗြာဟ္မဏော။

မကောင်းမှုတို့ကို မျောစေတတ်သော ရဟန္တာ။ ဝဟဓာတ်၊ ကာရိတ်ကျေ၊ ဝုဒ္ဓိပြု၊ ဝကို ဗပြု၊ ဗာဟကို ဗြာဟ္မပြု ယုကို အနပြု၊ ဗြာဒ္ဓ ရအက္ခရာကြောင့် နကို ဏပြု။[၃]

(နဲ) ဗာဟိတ္တာတိ ဗာဟိတော။ ဗာဟ-နိဝါရဏေ၊ တ။ ဗာဟိတော ပါပေါ ယေနာတိ ဗြာဟ္မဏော။ ဗာဟိတပါပ-ဟူလိုလျက် အစဉ် ရလာ၊ ဗာ-သို့ကပ်၊ ဟ-မှီရာ ဣကိုချေ၊ တကို မပြု၊ ဟကို မသို့ကပ်၊ (ဗြာဟ္မ+ပါပ) ပါကိုချေ၊ ပကို ဏပြု၍ ဗြာဟ္မဏ ဟု ပြီးသည်။[၄]

(နဲ) (အဝိဇ္ဇာတဏှာသင်္ခါတေ) ဒွေ ဝဍ္ဍမူလေ ဟနတိ ဟိံသတိ ဝိဒ္ဓံသတီတိ ဗြာဟ္မဏော။ ဒွိပုဗ္ဗ ဟနဓာတ်၊ ဟိံသာယံ+အ၊ ဒွိကို ဗြာပြု၊ နကို ဏပြု မ လာ၊ ရ လာ။

(နဲ) (ဒိဋ္ဌဓမ္မိကသမ္ပရာယိကသင်္ခါတေ) ဒွေ အတ္ထေ ဟရတိ ဓာရေတီတိ ဗြာဟ္မဏော။ ဒွိ-ဟရဓာတ်၊ ဓာရဏေ၊ အ၊ ဒွိကို ဗြာပြု၊ ရ လာ၊ ရကို ဏပြု၊ မ လာ။[၅]

---

၁။သိဋ္ဌိသစ်-၂၂၀၈။ ၂။ပါဂံသစ်-၁-၃၈၀။ ၃။ပါရာဘာ-၁၁၃၈၉။
၄။ပန်းကုံး၊မေွ့ဦ-၃၀။ ၅။မေွ့ဦ-၃၂။

http://www.dhammadownload.com



## ၆။ အညတရဗြာဟ္မဏပဗ္ဗဇိတဝတ္ထု

ဗာဟိတပါပေါ= ဗာဟိတော ပါပေါ ယေနာတိ ဗာဟိတပါပေါ။

သမစရိယာ= သမေတီတိ သမ္မော။ စရဏံ စရိယာ။ စရ-ဏျ၊ က္လလာ၊

ဝဇာဒီဟိသုတ်ဖြင့် ဝုဒ္ဓိအပြုကို တားမြစ်၍ အာသက် စသည်။

သမေန စရိယာ သမစရိယာ။ (နဲ) သမေန စရိယံ-ရိယံ။[၁]

ပဗ္ဗာဇယံ= ပဗ္ဗာဇေတီတိ ပဗ္ဗာဇယံ။ ပ-ဝဇ+ကာရိတ်ဏယ၊ အန္တ။

ပဗ္ဗာဇိတော= ပဗ္ဗာဇေတီတိ ပဗ္ဗာဇိတော။

## ၇။ သာရိပုတ္တတ္ထေရဝတ္ထု

ခန္တိဗလေန= ခန္တိသင်္ခါတံ ဗလံ ခန္တိဗလံ။

နိရပရာဓော= အပဂတော ရာဓော ယေနာတိ အပရာဓော။[၂]

အပ-ရာဓ ဓာတ်၊ အ၊ သံသိဒ္ဓိယံ(ဒိ)ရရှုတိ၊ နိပ္ဖာဒနေ(သွာ)ရာဓု

ဏာတိ၊ အာပုဗ္ဗော တောသနေ၊ အပပုဗ္ဗော ပဒုဋ္ဌမှိ။

နတ္ထိ အပရာဓော ယဿာတိ နိရပရာဓော။ ရ် လာ။

မီ= မိတိ ဇိဂုစ္ဆနတ္ထေ နိပါတော။ (နဲ) မ်တိ ဂရဟတ္ထေ နိပါတော။

ဟန္တာရံ= ဟနတီတိ ဟန္တာ။ ဟနဓာတ်၊ တုပစ္စည်း၊ သတ္ထာဒိ။

တေဒကိဉ္စိ=တော်+ကိဉ္စိ ဖြတ်၊ လောပဉ္စ တတြာကာရော-ဖြင့် တတြာကာရော

ဟူသော ယောဂဝိဘာဂဖြင့် အလာ၊(တော်+အကိဉ္စိ)နိဂ္ဂဟိတ်ကို ဒ

ပြုပါ။[၃] (နဲ) တော်+အကိဉ္စိ-ဟု ဖြတ်၊ ဒပြုပါ။[၄]

ယဒါနိသေဓော= ယံ+နိသေဓော ဖြတ်၊ အ လာ၊ နိဂ္ဂဟိတ်ကို ဒပြု၊ အကို

အာဒီယပြု၍ ရုပ်ပြီးပါ။[၃]

(နဲ) ယော+အနိသေဓော ဖြတ်၊ လောပဉ္စ တတြာကာရော-ဖြင့် ဗျဉ္ဇနေ

နောင် ထိုင်သော စသဒ္ဒါဖြင့် ယော၏ ဩကို ချေ၊ ထိုကျေရာ၌

---

၁။ပန်းကုံး။ ၂။သူ့စိမ်း။ ၃။ဂါထာသျှ။ ၄။ရှေ့နိဿယ။

http://www.dhammadownload.com



အ လာ၊ အာဒိယပြု၊ ဒ လာ၍ပြီးပါ။[၁]

ယံ+နိသေဓော-ဟု ဖြတ်သောနည်း၌ ယံကို ယော-ဟု ဖွင့်သောကြောင့် "ယံ"ကို ပုံလိင်မှ နပုံလိင်သို့ ပြန်နေသော လိင်္ဂဝိပ္ပလ္လာသဟု မှတ်ပါ။ နိသေဓနံ နိသေဓော-ဟု ပြု။

အနိသေဓော-၌ နိသေဓောယေဝ အနိသေဓော-ဟု ပြု။

ပိယေဟိ= အနိစ္ဆိတအပါဒါန်အနက်၌ ပဥ္စမီ ဟိ၊ ရက္ခဏတ္ထာနမိစ္ဆိတံ-၌ စ-သဒ္ဒါဖြင့် အနိစ္ဆိတအပါဒါန်မှည့်။ (နဲ)ကာရဏတ္ထ၌ သက်။

နိသေဓော မနသော ပိယေဟိ=မနသော ပိယေဟိအရ ဒေါသမူစိတ္တုပ္ပာဒ် နိသေဓောအရ အနာဂါမိမဂ်၊ ပကတူပ။

ပိယေဟိအရ ဒေါသသည်၊ မနသောအရ ဒေါသမူစိတ္တုပ္ပာဒ် အား သဟဇာတ။

မနသော၌ ဆဋ္ဌီဝိဘတ်ကို ဒုတိယာအနက်သက်၊ ဘောဟော နှင့်အယှဉ်။

ဟိံသမနော= ဟိံသတီတိ ဟိံသော။ ဟိံသေန ယုတ္တော မနော ဟိံသမနော။

ဟိံသအရ ဒေါသ၊ မနအရ ဒေါသမူစိတ်၊ သဟဇာတ။

## ၈။ မဟာပဇာပတိဂေါတမိဝတ္ထု

သုရဘိပုပ္ဖဒါမံ= သုဋ္ဌု ရာဘန္တိ တုဿန္တိ အနေနာတိ-ဘိ။သု-ရာဘ+ဏ္ဏ။[၂]

ဒါတိ အဝခဏ္ဍတီတိ ဒါမော။ ဒီယန္တေ ဗန္ဓိယန္တေ တတြာတိ ဒါမော။

ပုံ, နပုံ။[၃] ပုပ္ဖမေဝ ဒါမော ပုပ္ဖဒါမော။[၄]

သုရဘိ စ တံ ပုပ္ဖဒါမဉ္စာတိ သုရဘိပုပ္ဖဒါမံ။

သံဝုတံ တီဟိ ဌာနေဟိ= ကာယဝိညတ်၊ ဝစီဝိညတ်၊ မနောဒွါရဟုဆိုအပ်သော ကုသိုလ်စိတ်။

---

၁။ရှေးနိဿယ။ ၂။ဓာန်ဋီ-၁၄၆။ ၃။သဒ္ဒါ။ ၄။မအ္ဘ-၄၁၅၈၂။

http://www.dhammadownload.com



ယမှာ ခမ့် ဝိဇာနေယျ= ခမ့်အရ ဒုက္ခသစ္စာ, သမုဒယသစ္စာ၊ ဝိဇာနေယျ
အရ သောတာပတ္တိမဂ်ရှိ ပညာအား ပကတူပ။
ခမ့်အရ နိဗ္ဗာန်ဟူသော နိရောဓသစ္စာသည်၊ ဝိဇာနေယျအရ
အရ သောတာပတ္တိမဂ်ဖိုလ်ရှိ ပညာအား အာဓိ။
ဝိဇာနေယျအရ သောတာပတ္တိမဂ်ဖိုလ်ရှိ ပညာသည်၊ ခမ့်အရ
သောတာပတ္တိမဂ်ဖိုလ်ရှိ မဂ္ဂင် ၇-ပါးအား သဟဇာတ။
သမ္ပသမ္ဗုဒ္ဓဒေသိတံ= သမ္မာ သာမဥ္စ သဗ္ဗဓမ္မေ အဗုဒ္ဓိတိ-ဒွေါ။
သမ္မာ-သံ-ဗုဓဓာတ်၊ တ၊ သမ္မာသည် အဝိပရီတအနက်ဟော
နိပါတ်၊ သံသည် သာမံ(သယံ)အနက်ဟော ဥပသာရ၊ စသဒ္ဒါကား
သမ္မာကို ပေါင်းသော သမ္ပိဏ္ဍနအနက်။(နဲ)အဝဓာရဏအနက်။[၁]
ဒေသိယိတ္ထာတိ ဒေသိတော။ သမ္မာသမ္ဗုဒ္ဓေန ဒေသိတော-တော။
သက္ကစ္စံ= သံ+ကစ္စံ ဖြစ်၊ သံ-ကရ+တွာ၊ စနန္တေဟိ ရစ္စံ-၌ ရစ္စံဟူသောယော
ဂဝိဘာဂဖြင့် တွာကို ရစ္စပြု၊ ရမှိ ရန္တော ရာဒိနော-ဖြင့် ရ်အနုဗန်
နှင့်တကွ ဓာတွန်ရ်ကို ချေ(သံ+ကစ္စ)ဗျဉ္ဇနေ စ-ဖြင့် နိဂ္ဂဟိတ်ချေ၊
ကဒ္ဒေဘော်လာ၊ နိပါတ်ပုဒ်ဖြစ်သောကြောင့် သိသက်ချေ၊ ဝါစာ
သိလိဋ္ဌအကျိုးငှါ နိဂ္ဂဟိတ်လာ။ ကောင်းစွာပြု၍-ဟုပေး။[၂]
(နဲ) သ+ကစ္စံ ဖြစ်၊ သသဒ္ဒါသည် သာဒရတ္ထ(အာဒရတ္ထ)ဟော နိ
ပါတ်၊ ထိုသို့ အာဒရတ္ထကိုဟောရာ၌ နောက်ပုဒ်နှင့် သမာသ်ဖြစ်
၏၊ သ+ကရ တည်၊ သနောင် သိသက်၊ ကရနောင် တွာသက်၊
က္လလာ၍ ကရိတွာ-ဟု ပြီးသော ကြိယာနောင် "ဘူသနာ.ဒရာ
နာဒရေသွလံသာသာ"ဟူသော(မောဂ်-၃၊ ၁၅)သုတ်ဖြင့် သမာသ်
စပ်၊ ဝိဘတ်ချေ(သ+ကရိတွာ) သာသာဓိကရာ စ စ ရိစ္စာ-ဟူ
သော(မောဂ်-၅၊၁၆၇)သုတ်ဖြင့် တွာကို စပြု၊ ရှေ့ရကို ပရရုပ် စပြု၊
ကဒ္ဒေဘော်လာ၊ သိသက်ချေ၊ နိဂ္ဂဟိတ်လာ။ အရှိအသေပြု၍-

၁။ပါရာဘာ-၁၊၄၀၉။ ၂။ရူဘာ-၂၅၃၂။

http://www.dhammadownload.com



ဟုပေး။[၁] သမံ အာဒရံ အကာသီတိ သက္ကစ္စံ-ဟု ပြု။[၂]

သက္ကာရံ ကတွာ သက္ကစ္စ။ နိဂ္ဂဟိတ်လောက သက္ကစ္စံ။[၃]

(နဲ) သံသည် သမ္မာအနက်ဟော၊ နိရုတ္တိ၌ နိဂ္ဂဟိတ်ကို သုတ်ကြီးဖြင့် က ပြုသေး၏။[၄] သမ္မာ ကရောတီတိ သက္ကစ္စံ-ဟု ပြုသေး၏။

(နဲ) သက္ကစ္စံ-တစ်ပုဒ်လုံးကို နိပါတ်သော်လည်းကြံ။ ရှိသေစွာ-ဟုပေး။[၅]

အဂ္ဂိဟုတ္တံ= ဟူယတေ ဟုတ္တံ။ ဟု-ဟဝနေ၊ ဆဒါဒီဟိ ဖြင့် တသက်။

ဟုတိ, ဟဝတိ, ဇုဟောတိ-စသည်စဉ်။

အဂ္ဂိနော ဟုတ္တံ အဂ္ဂိဟုတ္တံ။ မီးကို ပူဇော်ခြင်းကို-ဟုပေး။[၆]

တံ နမဿေယျ= တံအရ မီးပုံအစုသည် နမဿေယျအရ ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပာဒ်အား အာရမ္မဏ။ (ဥပမာပက္ခ)

တံအရ အရှင်အဿဇိထေရ်၏ ခန္ဓာပဉ္စကဒြပ်သည် နမဿေယျအရ ပဏာမစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်(ရဟန္တာမဖြစ်သေးခိုက်)၊ မဟာကြိယာစိတ္တုပ္ပာဒ်အား အာရမ္မဏ။

## ၁၀။ ဇဋိလဗြာဟ္မဏဝတ္ထု

ပဋိဝိဒ္ဓသစ္စံ= ပဋိဝိဇ္ဈိတ္ထာတိ ပဋိဝိဒ္ဓံ။ ပဋိဝိဒ္ဓံ သစ္စံ ယေနာတိ-ဗ္ဗိ။

ဇဋ္ဌာဟိ= ဇဋ္ဌန္တိ သံယာဋ္ဌေန္တီတိ ဇဋ္ဌာယော။ ဇဋ္ဌ-သယ်ာတေ၊ အ+အာ။

ဟေတွတ္ထေ စ-ဖြင့် ဟိတ်အနက်၊ တတိယာ။[၇]

ပန်းကုံး၌ ကရိုဏ်းအနက်ပေးသည်။

ဇစ္စာ= ဇာယတီတိ ဇာတိ။ (တေန ဇစ္စာ)

ဇာတိ တည်၊ ဟိတ်အနက်၊(ရူ) ကရိုဏ်းအနက်(ရှေးသျှ) နာ သက်၊ ပမှည့်၊ အမာပတော-ဝါ ၌ အာပတော-ဟူသောယောဂဝိဘာဂဖြင့် နာကို အာပြု၊ ပသညသ စ-ဖြင့် တိကို ယပြု၊ ယ အာ

---

၁။ကစ်ဘာ-၂၆၂။ ၂။နိရုတ္တိ-၂၈၀။ ၃။ပန်းကုံး၊ ၄။နိရုတ္တိ-၃၇။
၅။ရူဘာ-၂၅၃၂။ ၆။ရူဘာ-၂၅၆၇။ ၇။ရူ-၁၄၉။

http://www.dhammadownload.com



သို့ကပ်၊ တ ယာသို့ကပ်၊ ယဝတ်ဖြင့် တျကို စပြု၊ စဒွေဘော်လာ၊ ရဿ-ဖြင့် ဇာ၌ ရဿပြု။ ဂိုဏ်းစဉ်က မူလပုဒ် "ဇာတိ"ကို စဉ်။

သစ္စံ = သစ္စဉာဏ်-ဟူလိုလျက် ဉာဏပုဒ်ကိုချေ။ မင်လေးပါးရှိ ပညာယူ။

ဓမ္မာ = လောကုတ္တရာတရား ၉-ပါးကောက်။

သုစိ = သုစ္စတီတိ သုစိ။ သုစ-သုဒ္ဓေ၊ က္က၊ ဒိဝါဒိ၊ ပုံလိင်။ သုစိ-ဟူလိုလျက် ဆန္ဒာနုရက္ခဏအကျိုးငှါ ဒီယပြု။

## ၁၁။ ကုဟကဗြာဟ္မဏဝတ္ထု

ဝဂ္ဂုလိဝတံ = ဝဂ္ဂါ ဝဂ္ဂါ ဟုတွာ ဥလန္တိ ဂစ္ဆန္တီတိ ဝဂ္ဂုလီ။ ဝဂ္ဂသဒ္ဒူပပဒ ဥလ ဓာတ်၊ က္ကပစ္စည်း၊ ပုံလိင်။[၁] ဝဂ္ဂုလီနံ ဝတံ-တံ။ ဝဂ္ဂုလိဝတံ အဿ အတ္ထီတိ ဝဂ္ဂုလိဝတော။ လင်းနို့တို့၏အကျင့်ရှိသော(ပုဏ္ဏား)

ကကုဓရုက္ခံ = ကံ ဝါတံ ကုဇ္ဇတိ နိဝါရေတီတိ ကကုဓော။ က-ကုဓ+အ။ ကကုဓော ရုက္ခော ကကုဓရုက္ခော။

ပါဟာသိ = ပ-ဟရဓာတ်၊ ဤဝိဘတ်၊ ကွစိဓာတု-ဖြင့် ဓာတွန်ရ်ကို အာပြု၊ ဓာတ်အစ အလာ၊ ပခွင်း ချေ၊ နောက်အကို အာဒီယပြု၊ သ်လာ၊ ဤကို က္ကရဿပြု။(ပါဟေသိ, ဝိဟာသိ-တို့ကို မှီးသည်)

ကိ တေ = တေ-၌ ကိံသဒ္ဒါအယှဉ် အလမတ္ထသမ္ဗန္ဓါန်အနက်၊ သိလာဃ သုတ်ဖြင့် သမ္ဗန္ဓါန်အမည်မှည့်၊ စတုတ္ထီသက်။

ဇဋာဟိ = သဟာဒိယောဂအနက်၊ ကိံသဒ္ဒါ ယှဉ်၊ သဟာဒိယောဂေ စ။

အဇိနသာဋိယာ = အဇတိ ဝိက္ကယံ ယာတီတိ အဇိနံ။ အဇ-ဂမနေ၊ က္ကန၊ နပုံလိင်၊ စမ္မ-သစ်နက်ရေ ရ၏။[၂] အဇိနဿ သာဋီ အဇိနသာဋီ။ သာဋ္ဋီ-၌ သဋ+ဏ+ဤ၊ ထိ။[၃]

---

၁။ မဥ္ဇူသာ-၄၉၇။ ၂။ မောဂ်-၇၊ ၁၀၂။ ၃။ ပန်းကုံး။

http://www.dhammadownload.com



ကိအယှဉ် သဟာဒိယောဂအနက်၊ နာသက်။

အဗ္ဗာရံ= အဗ္ဗန္တရအနက်ဟောနိပါတ်။ (နဲ)အဘိ-အတိဓာတ်+အရ၊ ဗန္ဓနေ၊ အဘိသည် ဓာတွတ္ထာနုဝတ္တက။[၁]

ဂဟနံ= ဂစ္ဆန္တိ ဟန္တိတိ ဂဟနံ။ ဂမုဓာတ်၊ ဟနဓာတ်၊ အ။[၂]
ဂဟနံ အဿ အတ္ထီတိ ဂဟနံ။ ဂဟန+ဏ။[၃] (နဲ)သဒိသူကြံ။
ကိလေသာတောချုံရှိသော။

ပဝေက္ခာမိ= ပ-ဝိသဓာတ်၊ ဿာမိ၊ ကွစိဓာတု-ဖြင့် ဝိသဓာတ်ကို ဝေက္ခပြု၊ ဿကိုချေ။

သတပေါရိသံ= ပုရိသော ပရိမာဏံ အဿာတိ ပေါရိသော။ ပုရိသ+ဏ။
သတံ ပေါရိသော သတပေါရိသော။(ဝမ္မိကော)

ပိပ္ပလိ=ပိတ္တံ ဖလတိ ကုပ္ပတိ ယာယာတိ ပိပ္ပလီ။
ပိတ္တ-ဖလ+အ+ဤ၊ ဝိဒါရဏေ။[၄]

သခုရေန= ခုရတိ ဆိန္ဒတိ ပထဝိံ အနေနာတိ ခုရံ။ ခုရ-ဆေဒနေ+အ။[၅]
(နဲ)　ခုရတိ ဝိလိခတီတိ ခုရော။[၆] အဘိဓာန်၌ "ခုရော သဖံ" ဟု ပုံလိင်ရှိ၏။ သဟ ခုရေန ယံ ဝတ္တတီတိ သခုရံ။(အဇိနစမ္မံ)

## ၁၂။ ကိသာဂေါတမိဝတ္ထု

ပံသုကူလဓရံ= ပံသတိ သောဘာဝိသေသံ နာသေတီတိ ပံသု။
ပံသ-နာသနေ၊ ဥ၊ ပုံလိင်။[၇]
ကူလတိ အာဝရတိ ဥဒကံ ဗဟိ နိက္ခမိတုံ န ဒေတီတိ ကူလံ။
ကူလ+ဏ။[၈] ကူလံဝိယာတိ ကူလံ။ ပံသူနံ ကူလံ ပံသုကူလံ။
(နဲ)　ကုစ္ဆိတံ ဥလတိ ဂစ္ဆတီတိ ကူလံ။ ပံသုဝိယ ကူလံ ပံသုကူလံ။
မြေမှုံပမာ ရွံရှာဘွယ်သို့ရောက်သောအဝတ်။[၉]

---

၁။ဓာန်ဋီ-၇၇၁။ ၂။ဓာန်ဋီ-၇၁၉။ ၃။ပန်းကုံး။ ၄။ဓာန်ဋီ-၅၈၂။ ၅။သူစိ။
၆။ဓာတု-ဒီပနီ။ ၇။မောဂ်-၇၊၂၂။ ၈။သူစိ။ ၉။ပါရာဘာ-၁၄၉။

http://www.dhammadownload.com



ပံသုကူလံ ဓာရေတီတိ ပံသုကူလဓရော။
ကိသံ॰ ကိသတီတိ ကိသော။ ကိသ-တနုကရဏေ၊ အ၊ ဘူ။
(နဲ) ကိဿတီတိ.ကိသော။ ကိသ-ခီယနေ၊ အ၊ ဒိဝါဒိ။
ဓမနိသန္ထတံ॰ ဓမန္တိ ဧတေန ဝီဏာဒယောတိ ဓမနိ။ဓမ-သဒ္ဒေ၊ အနိ။[၁]
(နဲ) ဓမ-သဒ္ဒေ၊ ယု၊ နဒါဒိ ဤ-ဓမနီ။ မောဂ်အလို ဣကာရန္တ၊ ဓာန်ဋီ အလို ဤကာရန္တ။
(နဲ) ဓမန္တိ တောယ ဝီဏာဒယောတိ ဓမနာ။ ဓမနာ-ဟူသော ပါဠိုပဒိ ကပုဒ်နှောင် မုနာဒီဟိ စိ-ဖြင့် ဣသက် ဓမနိ-ဟု ပြီးသည်။[၂]
သန္ထရီယတေတိ သန္ထတံ။(ဂတ္တံ)
ဓမနိယာ သန္ထတံ ယဿာတိ ဓမနိသန္ထတော။(ပြာဟွဏော)

## ၁၃။ ကေပြာဟ္မဝတ္ထု

ယောနိဇံ॰ ယောနိယံ ဇာတော ယောနိဇော။ ယောနိ-ဇန+က္ဂိ။(ဓမ္မဒ္ဓ)
(နဲ) ယောနိတော ဇာတော ယောနိဇော။(မဒ္ဓ)
ယဝန္တိ မိဿီ ဘဝန္တိ သတ္တာ တောယာတိ ယောနိ။(ပုဏ္ဏားမျိုး)
ယဝန္တိ မိဿန္တိ သုက္ကသောနိ တောယာတိ ယောနိ။(ပဿာဝမဂ်)
မတ္တိသမ္ဘဝံ॰ မာတု သန္တကံ မတ္တိ။ မာတု+က္က။(ဓမ္မဒ္ဓ)
(နဲ) မာတာယေဝ မတ္တိ။ မတ္တိယံ သမ္ဘဝေါ မတ္တိသမ္ဘဝေါ။[၃]
(နဲ) မတ္တိတော သမ္ဘဝေါ မတ္တိသမ္ဘဝေါ။ သမ္ဘဝတီတိ သမ္ဘဝေါ။
ဘောဝါဒိ॰ သုဘာသုဘကထနတ္ထံ ဘောဘောတိ ဝစနံ ဝဒတိ သီလေနာ တိ ဘောဝါဒီ။ ဘော-ဝဒ+ဏီ။[၄] ဆန္ဒာနုရက္ခဏာအကျိုးငှါ ရဿပြု။
သကိဉ္စနော॰ ကိဉ္စေတိ သတ္တေ မဒ္ဒေတီတိ ကိဉ္စနံ။ ရာဂစသောကိလေသာ။ ကိစိ-မဒ္ဒနေ+ယု၊ စုံ၊ နိဂ္ဂဟိတ်လာပါ။

---

၁။မောဂ်-၇၊၁၁၂။ ၂။ရူပ-၂၅၈၇၊ ၃။မဒ္ဒ-၃၊၂၉၇-၈။ ၄။ဓာန်ဋီ-၄၀၈။

http://www.dhammadownload.com



သဟ ကိဠေနေန ယော ဝတ္တတီတိ သကိဠေနော။

## ၁၅။ ဒွေဗြာဟ္မဏဝတ္ထု

နန္ဒိံ= နယှတေ ဗန္ဓိယတေ ယာယာတိ နန္ဒီ။ နဟ+တ+ဤ။
နန္ဒီဝိယာတိ နန္ဒီ။(ဒေါသ) ကြိုးနှင့်တူသော ရန်ငြိုး။
(နဲ) နဟတိ ဗန္ဓတီတိ နန္ဒီ။-ဟု မုချတ္ထ ကြံ။[၁]
ဝရတ္တဥ္စ= ဝါရေတိ ဧတာယာ(ဧတေနာ)တိ ဝရတ္တာ(ဝရတ္တံ)။ ဝရ+တ။
ဝရတ္တာဝိယာတိ ဝရတ္တာ။(တဏှာ) ကြိုးနှင့်တူသော တဏှာ။
(နဲ) ဝါရေတိ ဗန္ဓတီတိ ဝရတ္တာ။-ဟု မုချတ္ထ ကြံ။
(နဲ) ဝရန္တိ အနေနာတိ ဝရတ္တာ။ ဝရ+အတ္တ။[၂]
သန္ဒာနံ= သန္ဒိယတေ ဗန္ဓိယတေ အနေနာတိ သန္ဒာနံ။
သန္ဒာနံဝိယာတိ သန္ဒာနံ။
သဟနုက္ကမံ= သဟ-အနု-ကမု+အ။[၃]
သဟ အနုက္ကမေန ယံ ဝတ္တတီတိ သဟနုက္ကမံ။
အနုက္ကမအရ ဒိဋ္ဌာနုသယ၊ သဟနုက္ကမအရ ဒိဋ္ဌာနုသယနှင့် တကွ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ။ပန်းကုံး၌ သဟ+န+ဥက္ကမ-ဟုခွဲလို၏။
ဥက္ခိတပလိဃံ= ဥက္ခိပိယိတ္ထာတိ ဥက္ခိတ္တော။ ဥ-ခိပ+တ။
ပရိ ပုနပ္ပုနံ ဂမနာဂမနဝသေန ဟန္တီတိ ပလိဃော။ပရိ-ဟန+ဏ။[၄]
ပလိဃောဝိယာတိ ပလိဃော။
ဥက္ခိတ္တော ပလိဃော ယေနာတိ ဥက္ခိတ္တပလိဃော။
ပြိုင်= သမာသ်ပုဒ်အရ အဝိဇ္ဇာ၊ အညပုဒ်အရ အရဟတ္တမဂ်၊ ပကတူပ။

---

၁။ဂါထာသ၊ ၂။မောဂ်-၇၊၈၁။ ၃။တိပိဘာန်။ ၄။ဓာန်ဋီ-၂၁၇။

http://www.dhammadownload.com



## ၁၆။ အက္ကောသကဘာရဒ္ဒါဇဝတ္ထု

မုဏ္ဍကာယ = ကုစ္ဆိတော မုဏ္ဍော မုဏ္ဍကော။ ကုစ္ဆိတတ္ထ-၌ က သက်။
သမဏကာယ = ကုစ္ဆိတော သမဏော သမဏကော။
ဝိသမူလ = ဝိသံဝိယာတိ ဝိသံ။ အဆိပ်နှင့်တူသောဒုက္ခ။
ဝိသဿ ဒုက္ခဿ မူလံ ဝိသမူလံ။[၁]
မဓုရဂ္ဂဿ = မဓုရံ(စေတသိကသုခံ)အဂ္ဂံ(ပရိယောသာနံ)အဿာတိ မဓုရဂ္ဂေါ။(ကောဓော) အန္တတ်အရ လောဘမူသောမနဿ၊ တဟျတ် အရ ဒေါသ၊ ပကတူ။
အသတ္ထာဟိ = အသတ္ထိသု ဘဝါ အသတ္ထာ။ (နဲ)အသတ္ထိနံ ဧတော အသတ္ထာ။[၂]
အတိထိနံ=အတန္တိ ဂစ္ဆန္တီတိ အတိထိ။ အတ-သာတစ္စဂမနေ၊ က္လထိပ္ပံ။[၃]
ဩပမ္မေန=ဥပမာယ ဘာဝေါ ဩပမ္မံ။ ဥပမာ+ဏျ၊ အဝဏ္ဏော ယေ လောပဥ္စ-ဖြင့် မာ၏ အာကိုချေ၊ ကာရသဒ္ဒါပိုဖြင့် ယကိုမပြု၊ မကို နောက် မသိုကပ်၊ နာမ်ငဲစသည်။ ဥပမာအရ-ဥပမာနဝတ္ထုကိုယူ။
(နဲ) ဥပမာယေဝ ဩပမ္မံ။ ဏျပစ္စည်း သကတ္ထ၊ ဩဝုဒ္ဓိပြု၊ မျှကို မပြု၊ ဒွေဘော်လာ။ ဥပမာအရ-တူခြင်း ညီမျှခြင်းကိုယူ။[၄]
အက္ကောသံ = အက္ကောသနံ အက္ကောသော။ အာ-ကုသ+ဏ။
ဝဓဗန္ဓံ = ဟနနံ ဝဓော။ ဗန္ဓနံ ဗန္ဓော။ ဝဓော စ ဗန္ဓော စ ဝဓဗန္ဓော။
အဒုဋ္ဌော = ဒူသိယတီတိ ဒုဋ္ဌော။(ပန်း) န ဒုဋ္ဌော အဒုဋ္ဌော။
(နဲ) ဒူသိယတီတိ ဒုဋ္ဌံ။(စိတ္တံ) နတ္ထိ ဒုဋ္ဌံ စိတ္တံ ယဿာတိ အဒုဋ္ဌော။ ဒေါသသည်ဖျက်ဆီးအပ်သောစိတ် မရှိသည်။
ခန္တိဗလံ = ခမနံ ခန္တိ။ ခန္တိသင်္ခါတံ ဗလံ အဿာတိ ခန္တိဗလော။
ဗလာနီကံ = ဗလန္တိ သမ္မာဇီဝနံ ဇီဝန္တိ ဧတေနာတိ ဗလံ။[၅]
အနိတိ အနေနာတိ အနီကံ။ အနဓာတ်+ဤက။

---

၁။နေတ္တိဝိဘာ-၂၉၉။ ၂။ဓာန်-၇၁၇၂။ ၃။မောဂ်-၇၉၃။ ၄။ရူပ-၂၁၆၄။ ၅။နီတိဓာ-၁၆၇။

အနီကံဝိယာတိ အနီကံ။ (နဲ့)သဒိသူကြံ။
ဗလံ အနီကံ ယဿာတိ ဗလာနီကော။[၁]

## ၁၇။ သာရိပုတ္တတ္ထေရဝတ္ထု

ဥစ္စိင်္ဂခါဒကႏ ဥသိဿတေတိ ဥစ္စိင်္ဂံ။ ဥ-သိသ+တ။ တပစ္စည်းကို ဓာတွန် သန္နင့်တကွ ဋပြု။ ဥစ္စိင်္ဂံ ခါဒတီတိ ဥစ္စိင်္ဂခါဒကော။
ဥစ္စိင်္ဂကဋိယံႏ ကေန ဇလေန အဋိယံ အဘိဗျတ္တံ အဿာတိ ကဋိယံ။ က+အဋိယ၊ ကဋိယ-နပုံလိင်၊ သောဝိရဲ ကဋိယံ ဝုတ္တံ။(ဓာန်)
အက္ကောစနံႏ ကုစ္ဆတိ သီလေနာတိ ကောစနော။ ကုစ+ယု။[၂]
န ကောစနော အက္ကောစနော။
ဝတဝန္တံႏ ဝတ္တီယတေတိ ဝတံ။ ဝတု+အ။
(နဲ့) ဝဇီယတေတိ ဝတံ။[၃] ဝဇ-ဓာတ် သခ်ါရ, ဂတိအနက်ဟော၊ ပြုပြင် သောအားဖြင့် ကျင့်အပ်၏။ ဝတံ အဿ အတ္ထီတိ ဝတဝါ။
အနုဿဒေါႏ နတ္ထိ ဥဿဒေါ ယဿာတိ အနုဿဒေါ။ န+ဥဿဒ။

## ၁၈။ ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

ကောဋ္ဌာပရက္ခာႏကုတောပိ ကုမယံ အာပေါ သိနေဟော နတ္ထီတိ-ပေါ်။ ကိံ+အာပ။ (နဲ့) ကောဋ္ဌံ ကောဋ္ဌဘာဝံ အာပဇ္ဇတီတိ-ပေါ်။[၄] ကောဋ္ဌ-အာ-ပဒ+ကွိ။ ကောဋ္ဌာပ-တိလိင်၊ ဤ၌ ပုံလိင်။ ကောဋ္ဌာပေါ ရက္ခော ကောဋ္ဌာပရက္ခော။
အလ္လမံသသရီရာႏ အလတိ သမတ္ထေတီတိ အလ္လံ။ အလ+လ။[၅]
(နဲ့) အလ္လတိ ဗန္ဓတီတိ အလ္လံ။ အလိ+လ။[၆] ဓံဋီ၌ အလ္လ-က္လေဒနေ၊ လော-ဟု ရှိ၏။ မံသဥ္စ သရီရဥ္စ မံသသရီရံ။

၁။ဂါထာသူ။ ၂။ဓာန်ဋီ-၄၃၂။ ၃။သီဘာ-၂၄၂၉။ ၄။မဋီ-၂၁၂၃။ ၅။ကစ်-၆၃၂။ ၆။ဓာတွတ္ထ။

http://www.dhammadownload.com



အလ္လံ ပ်သသရိရံ တေသန္တိ အလ္လမ်သသရိရာ။
ပေါက္ခပတ္တေ= ပတတိ အစိရေနာတိ ပတ္တံ။ ပတ+တ။
ပေါက္ခရဿ ပတ္တံ ပေါက္ခရပတ္တံ။[1]
အာရဂ္ဂေ= အရဏံ အာရာ။ အရ-ဂမနေ.ဏ+အာ။[2]
(နဲ) အရတိ သီဃံ ဝိဇ္ဈမာနာ ဂစ္ဆတီတိ အာရာ။ အရ+ဏ+အာ။[၂]
အာရာယ အဂ္ဂံ အာရဂ္ဂံ။
(နဲ) အရတိ ပဝတ္တတီတိ အာရော။
အဂတိ အာဒိပရိယောသာနေ သဘာဝေန ဂစ္ဆတိ ပဝတ္တတီတိ အဂ္ဂေါ။ အဂ+အ။ အာရဿ အဂေါ အာရဂ္ဂေါ။[3]
အာရ-သဒ္ဒါ ပုံလိင်ကို "အာရော စ သတ္တိ စ အာရသတ္တိ"ဟု တလာဝတာရဋီကာ၌ လာ၏။
သာသပေါ=သာသီယန္တိ တေနာတိ-ပေါ။ သာသ-အနုသိဋ္ဌိယံ၊ အပ။[4]

## ၁၉။ အညတရဗြာဟ္မဏဝတ္ထု

ခယော= ခိယတိ ဧတ္ထာတိ ခယော။ (အရဟတ္တဖိုလ်)
မှတ်ချက်။ ပန်းကုံး၌ ခယအရ နိဗ္ဗာန်ကိုယူ၏၊ ပဇာနာတိအရလည်း ဝိပဿနာ, မဂ်, ဖိုလ်ကို ယူ၏။ ထိုအလို ခယအရ နိဗ္ဗာန်နှင့် ပဇာနာတိ အရ ဝိပဿနာ မဂ်,ဖိုလ်တို့ အာရမ္မဏာဓိပတိ၊ အနန္တရ၊ ပကတူပတို့ ဖြစ်သင့်သလို ကောက်၍ ပြိုင်ပါ။
(နဲ) အရဟတ္တဖလံ ဒုက္ခက္ခယောတိ အဓိပ္ပေတံ။ ပဇာနာတိတိ အဓိဂမဝသေန ဇာနာတိ-ဟူသော(မဌ-၃၊၂၉၈)အဖွင့်အရ ခယအရ အရဟတ္တဖိုလ်စိတ်၊ ပဇာနာတိအရ စေတသိက်-၃၆ ပါး၊ (နဲ) ခယအရ အရဟတ္တဖိုလ်ရှိ မဂ္ဂင် ၈-ပါး၊ ပဇာနာတိအရ ကြွင်း

---

၁။မောဂ်-၅၊၄၉၊ပဉ္စိကာ။ ၂။ဓာပန်း။ ၃။ဂဋ္ဌန်မှံ-၃၅။ ၄။မောဂ်-၇၊၁၁၈။

http://www.dhammadownload.com



အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်တို့ကို ယူ၍ သဟဇာတပြိုင်ပါ။

ပန္နဘာရံ- ပတိယိတ္တာတိ ပန္နော။ ဘရိတဗ္ဗော ဝဟိတဗ္ဗောတိ ဘာရော။

ပန္နော ဘာရော ယေနာတိ ပန္နဘာရော။

ချထားအပ်ပြီးသော ခန္ဓာဝန်, ကိလေသဝန်, အဘိသင်္ခါရဝန် ရှိသောရဟန္တာဖြာပွင့်ဏ။

## ၂၀။ ခေမာဘိက္ခုနီဝတ္ထု

ဂမ္ဘီရပညံ- ဂမ္ဘီရေသု ပဝတ္တာ ပညာ ဂမ္ဘီရပညာ။

ဂမ္ဘီရပညာ အဿ အတ္ထီတိ ဂမ္ဘီရပညော။

မဂ္ဂါမဂ္ဂဿ- မဂ္ဂေါ စ အမဂ္ဂေါ စ မဂ္ဂါမဂ္ဂေါ။

ဆဋ္ဌီ စ-ဖြင့် ကောဝိဒသဒ္ဒါအယှဉ် သတ္တမီအနက်၌ ဆဋ္ဌီသက်။

## ၂၁။ ပဗ္ဘာရဝါသီတိဿတ္ထေရဝတ္ထု

စိတ္တံ ဂေဂ္ဂတံ- ဂေ အဂ္ဂ အာရမ္မဏံ ယဿာတိ ဂေဂ္ဂ။ (စိတ္တံ)

အဂ္ဂသဒ္ဒါ အာရမ္မဏအနက်ဟော။ ဂေဂ္ဂဿ ဘာဝေါ-တာ။

ဂေဂ္ဂ-၌ အန္တတ္ထအရ အမှတ်မထား တစ်ပါးပါးသော ကမ္မဋ္ဌာန်းအာရုံ(ကောဋ္ဌာသပညတ်)ပစ္စည်း၊ တဟျတ္ထအရ မဟာကုသိုလ်စိတ်အား အာရမ္မဏ။

ဂေဂ္ဂတာ-၌ တဟျတ္ထအရ မဟာကုသိုလ်ရှိ ဂေဂ္ဂတာပစ္စည်း တရားသည်၊ အန္တတ္ထအရ မဟာကုသိုလ်စိတ်အား သဟဇာတ။

လေဏပဗ္ဘာရံ- လီယန္တိ နိလီယန္တိ ဧတ္ထာတိ လေဏံ။ လီ+ဏ။[၁] (နဲ)ယု။[၂]

လေဏံ စ တံ ပဗ္ဘာရော စာတိ လေဏပဗ္ဘာရော။ ပဗ္ဘာရ-ပုံ။

လင္ဃိမဓုကံ- လင္ဃိ-၌ ယဇခါတ်+တိ၊ က္တတ္ထိ။ နုပျိုသောသစ်ပင်၊ သစ်ခက်။

---

၁။မောဂ်-၇၊၆၅။ ၂။သုစိ။

http://www.dhammadownload.com



မဓုဝိယာတိ မဓုကံ။ မဓုပုဒ် ဥပမာန-၌ က။
လဋ္ဌိ စ သာ မဓုကံ စာတိ လဋ္ဌိမဓုကံ။

ဟိင်္ဂုစုဏ္ဏံ= ဟိနောတိ ပဝတ္တတီတိ ဟိင်္ဂု။ ဟိ-ဂတိယံ၊ ဂု၊ နိဂ္ဂဟီတာဂမော၊ ပုံ, နပုံလိင်။[၁]
စုဏ္ဏီယတေတိ စုဏ္ဏော။[၂] ဟိင်္ဂုနော စုဏ္ဏော ဟိင်္ဂုစုဏ္ဏော။

တံ ဝိက္ခမ္ဘေတွာ=ဝိ-ခဘိ(ခမ္ဘ)ဓာတ်၊ပဋိဗန္ဓ-တားမြစ်ပိတ်ဆို့ခြင်း၊ ဥပတ္ထမ္ဘန-ထောက်ပံ့ခိုင်စေခြင်း၌၊ ဏေ+တွာ။

ပြိုင်= တံ-အရ သီလာနုဿတိ၏အစွမ်းဖြင့် ဖြစ်သော မဟာကုသိုလ်ရှိ ဗလဝပီတိသည်၊ ဝိက္ခမ္ဘေတွာအရ မဟာကုညသံရှိ ဝိပဿနာပညာအား ပကတူပ။

ပါဒုဒ္ဓါရံ= ဥဒ္ဓရီယတေ ဥဒ္ဓရဏံ ဝါ ဥဒ္ဓါရော။ ဥ-ဓရ+ဏ။
(နဲ) ဥဟရီယတေ ဥဒ္ဓါရော။ ဥ-ဟရ+ဏ။[၃]
ပါဒဿ ဥဒ္ဓါရော ပါဒုဒ္ဓါရော။ ခြေကို အထက်သို့ဆောင်ခြင်းကိုသော်လည်း၊ ဝါ-ခြေကြွမြှောက်ခြင်းကိုသော်လည်း။

ပဝနာ= ပ-ဝဏ+အ။ ဏကို နပြု၊ ပုံလိင်၊[၄] (နဲ)နပုံ။[၅]

ဂဟဋ္ဌေဟိ= ဂဟေ ဂေဟေ ပဉ္စကာမဂုဏေဝါ ဘဝဝသေန တိဋ္ဌန္တီတိ ဂဟဋ္ဌာ။ ဂဟ-ဌာ+အ။[၆]

အနာဂါရေဟိ= နတ္ထိ အဂါရံ (အာဂါရံ) ဧတေသန္တိ အနာဂါရာ။
(နဲ) အာ ဘုသော ဂရဟိတဗ္ဗံတိ အာဂါရံ။ အာ-ဂရဟ+နီဒ္ဓာယံ။
နတ္ထိ အာဂါရံ ဧတေသန္တိ အနာဂါရာ။[၇]
အဂ-ရာဓာတ်၊ အ-ဖြင့် အဂါရံ၊ အကို အာဒီယပြုက အာဂါရံဟု နှစ်ပါး၌သင့်သည်။[၈]

ဥဘယံ=တ,တိယာမှ ပထမာသို့ ပြန်နေသော ဝိဘတ္တိဝိပလ္လာသ။
ဗဟုဝုစ်မှ ဧကဝုစ်သို့ ပြန်နေသော ဝစနဝိပလ္လာသ။

---

၁။မောဂ်-၇၊၃၆။ ၂။ဓာတု-ဒီ။ ၃။ထောမ၊ဓာပန်း။ ၄။ထောမ။ ၅။အမရကောဂါထာ၁၅။
၆။ဓာန်ဋီ-၄၄၆။ ၇။ဂဏ္ဍုန်ပုံ-၂၆။ ၈။ဓာန်ဋီ-၂၀၆။

http://www.dhammadownload.com


အနောကသာရီ= ဥစတီတိ သြကော။ ဥစ+ဏ၊ စကို ကပြု။ တည်ရာအိမ်နှင့်တူသော ကာမဂုဏ်ငါးပါး။ သြကံ န သရတီတိ အနောကသာရီ။ သြက-သရဓာတ်၊ ဂတိယံ၊ ဏီပစ္စည်း။

(နဲ) သြကံ သရတိ သီလေနာတိ သြကသာရီ။ သြက-သရ+ဏီ။ န သြကသာရီ အနောကသာရီ။ န+သြကသာရီ။

အပ္ပိစ္ဆ=နတ္ထိ ဣစ္ဆာ ယဿာတိ အပ္ပိစ္ဆော။

## ၂၂။ အညတရဘိက္ခုဝတ္ထု

ဘူတေသု= ကမ္မေ ဘဝန္တီတိ ဘူတာ။

တသေသု= တဏှာယ တသန္တိ စလန္တီတိ တသာ။ တသ-ဥဗ္ဗေဂေ၊ ဥဗ္ဗေဂေါ ဘယံ စလနဉ္စ။[၁] တဏှာဖြင့် ထိတ်လန့်တတ်ကုန်သော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များ။

ထာဝရေသု= တိဋ္ဌန္တီတိ ထာဝရာ။ ဌာ-ဂတိနိဝတ္တိယံ၊ ဝရ၊ ထပြု။[၂]

(နဲ) တိဋ္ဌန္တိ သီလေနာတိ ထာဝရာ။[၃]

ယာတေတိ= ဟန+ကာရိတ် ဏေ+တိ။ ယင်း၏ ကာရိတ်ကံကို "အညေ" ဟုရင်း၊ ဓာတ်ကံကို "ကဉ္စိ"ဟုရင်း ထည့်ပါ။

## ၂၃။ သာမဏေရာနံဝတ္ထု

အဝိရုဒ္ဓံ= ဝိရုဇ္ဈတီတိ ဝိရုဒ္ဓေါ(လောကိယမဟာဇနော)။ န ဝိရုဒ္ဓေါ-ဒ္ဓေါ။

အတ္တဒဏ္ဍေသု= အာဒီယတေတိ အတ္တော။ အာ-ဒါ+တ၊ ကွစိဓာတုဖြင့် ဒါ၏ အာကို တ်ပြု၊ အာကို ရဿပြု။[၄]

အတ္တော ဒဏ္ဍော ယေဟီတိ အတ္တဒဏ္ဍာ။ (တေသု)

နိဗ္ဗုတံ= နိဗ္ဗာယိတ္ထာတိ နိဗ္ဗုတော။ (နဲ) နိဗ္ဗုဏိတ္ထာတိ နိဗ္ဗုတော။

---

၁။ဓာန်ဋီ-၇၁၁။ ၂။ဓာန်ဋီ-၇၁၂။ ၃။မောဂ်-၅၅၄၊ပဉ္စိကာ။ ၄။ရူ-၃၈၅။

http://www.dhammadownload.com



သာဒါနေသုႏ အာဒီယတေ အာဒါန်။(တဏှာ ဒိဋ္ဌိ)
သဟ အာဒါနေန ယေ ဝတ္တန္တီတိ သာဒါနာ။(တေသု)

## ၂၄။ မဟာပန္ထကတ္ထေရဝတ္ထု

အတ္တပုရေက္ခာရတာယႏ ပုရေကရီယိတ္ထာတိ ပုရေက္ခာရော။
(နဲ) ပုရေ ကရီယတီတိ ပုရေက္ခာရော။
ပုရ-ကရဓာတ်၊ ဏ၊ အနုဗန်ချေ၊ ကရ်ကို ခရပြု၊ (ဌာနူပစာရ အားဖြင့် ဌာနီဖြစ်သော အပြုအာဒေသကိုလည်း ဓာတ်ဟုခေါ်ဆို နိုင်ခြင်းကြောင့်)ခဌ ဝုဒ္ဓိပြု၊ ကဒွေဘော်လာ။
မှတ်ချက်။ ပုရေ-၌ သိဒ္ဓိဝိဘတ် မကျေသောကြောင့် အလုတ္တသတ္တမီကို တန္တတပ္ပုရိသ်သမာသ်တည်း၊ မောဂ္ဂလ္လာန်၌ကား "ပုရာ သ္မာ"ဟု သုတ်တည်၏၊ ပုရာနိပါတ်နောင် ကရဓာတ်ဖြင့် "ပုရာက္ခာရ"ဟု ပြီးသည့်အခါ "တဒမိနာဒိနိ"သုတ်ကြီးဖြင့် အာကို ပြေ၍ "ပုရေ က္ခာရ"ဟု စီရင်၏။ မောဂ်အလိုအားဖြင့်ကား လုတ္တသမာသ်ဖြစ် သင့်၏။ အတ္တံ ပုရေက္ခာရော အတ္တပုရေက္ခာရော။
အတ္တပုရေက္ခာရဿ ဘာဝေါ အတ္တပုရေက္ခာရတာ။
ပါတိတောႏ ပါတီယိတ္ထာတိ ပါတိတော။ ပတ+ဏေ+တ။

## ၂၅။ ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု

ဝသလိႏ ပါပဓမ္မေ ဝသတိ ပဝ္ဘရတီတိ ဝသလော။
(နဲ) ဝသီယတိ အစ္ဆာဒီယတီတိ-လော။[၁] ဝသတီတိ-လော။[၂] သူယုတ် ဟော ဝသလ-ဟူသော ပါဠိပဒိကပုဒ်နောင် မဟာလိ, မဏိ(ရူ-၄၁၈)တို့ကဲ့သို့ မုနာဒိဟိ စိ-ဖြင့် ဣသက်၍ ဝသလိ-ဖြစ်၏ဟုကြံ။

၁။ရူဘာ-၂၅၈၀-၁။ ၂။ပါရာဘာ-၂၂၇၃။

http://www.dhammadownload.com



ဝသလိဝါဒေန= ဝသလိက္ကတိ ဝါဒေါ ဝသလိဝါဒေါ။
ဒေါသန္တရော= ဒူသီယတီတိ ဒေါသံ၊(စိတ္တံ)။ ဒေါသံ အန္တရံ ယဿာတိ
ဒေါသန္တရော။ (နဲ)ဒေါသေန သမ္ပယုတ္တံ အန္တရံ ယဿာတိ-ရော။
အန္တရသဒ္ဒါ စိတ္တဝါစက။ ဒေါသသည် ဖျက်ဆီးအပ်သောစိတ်(ဒေါ
သစိတ်)ရှိသည်။ (နဲ)ဒေါသနှင့်ယှဉ်သောစိတ်ရှိသည်။
ပြိုင်= အန္တတ်အရ ဒေါသစိတ်၊ တဟျတ်အရ ယှဉ်ဘက်စိတ္တုပ္ပါဒ် သဟ။
(နဲ) အန္တရေ ပတိတော ဒေါသော ယဿာတိ ဒေါသန္တရော။[၁]
စိတ်အတွင်း၌ ကျရောက်ကိန်းအောင်းသော ဒေါသရှိသည်။
အန္တရသဒ္ဒါ အဗ္ဘန္တရအနက်ဟော။ ဤနည်း၌ သမာသ်ပုဒ်အရ
ဒေါသမူဒွေးရှိ ဒေါသ၊ အညပုဒ်အရ ဒေါသမူစိတ္တုပ္ပါဒ် သဟဇာတ။
အဗ္ဘောကိဏ္ဏာနိ= ဝေါကိရီယန္တိ ပသာရီယန္တိ ဝိတ္ထာရီယန္တိတိ-နိ။[၂]
(နဲ) ဝိအဝကိရီယန္တီတိ ဝေါကိဏ္ဏာနိ။ န ဝေါကိဏ္ဏာနိ-နိ။
အကက္ကသံ= ကိစ္ဆံ ကရောတီတိ ကက္ကသာ။ ကရ+ကသ။[၃]
န ကက္ကသာ အကက္ကသာ။ (ဂိရာ)
(နဲ) ကက္ကံ ဧတိဿာ အတ္ထီတိ ကက္ကသာ။ ကြမ်းတမ်းခြင်းအနက်ဟော
ကက္ကသဒ္ဒါနောင် အဿတ္ထိအနက်၌ သပစ္စည်းသက်။
(နဲ) ကကု ကသတီတိ ကက္ကသာ။[၄]
ဝိညာပနိံ= အတ္ထံ ဝိညာပေတီတိ ဝိညာပနီ။ ဝိ-ဉာ+ဏာပေ+ယု+ဤ။
ဥဒီရယေ= ဥ-ဤရဓာတ်+အ+ယေျ။[၅] (နဲ) ဥ-ဤရ စု-ဏာယ+ယေျ။
အဘိသဇေ= အဘိ-သဇ္ဇ+အ+ယေျ၊ ဆန်းကြောင့် ဇတစ်လုံးကို ချေ။[၅]
(နဲ) အဘိ-သဇဓာတ်၊ သင်္ဂေ၊ ကာရိတ်ကျေ၊ ယေျ။[၆]
ဂိရံ ဥဒီရယေ= ဥဒီရယေအရ မဟာကြိယာစိတ္တုပ္ပါဒ်၊ ဂိရံအရ ဝစီဘေဒ
စိတ္တဇသဒ္ဒ၊ သဟဇာတ။ အကြီး ၄၊ ၂၊ ၇။

---

[၁] အံ့သျှ-၁၁၁၂။ [၂] ဝိသုဒ္ဓိဋီ-၂၃၃၁မိုး။ [၃] မောဂ်-၇၂၁၈။
[၄] နီဘာ-၄၂၄၄။ [၅] ပန်းကုံး။ [၆] ဂါထာသျှ။

http://www.dhammadownload.com



## ၂၆။ အညတရတ္ထေရဝတ္ထု

ဥတ္တရသာဋကံ= သဋတီတိ သာဋကော။ သဋ+ဏွု။
(နဲ) သဋတီတိ သာဋော။ သဋ+ဏ။
သာဋောယေဝ သာဋကော။[၁]
ဥတ္တရသ္မိံ ဒေဟဘာဂေ ဘဝေါ ဝိဇ္ဇမာနော ဥတ္တရော။ဥတ္တရ+ဏ။[၂]
ဥတ္တရော သာဋကော-ကော။ ဥတ္တရ-ကို ဝိသေသနအဖြစ်ယူ။
ဒီဃံ= ဒိ ဓာတ်၊ ခယေ၊ ယပစ္စည်း၊ ဒီဃပြု။
ရဿံ= ရသဓာတ်၊ သဒ္ဒေ၊ သော။
သုဘာသုဘံ= သောဘတီတိ သုဘံ။ န သုဘံ အသုဘံ။
သုဘံ စ အသုဘံ စ သုဘာသုဘံ။
ဤဂါထာ၌ အဝတ်တန်ဆာအစရှိသည်တို့၏ အရှည်အတို၊ ပတ္တမြား ပုလဲ အစရှိသည်တို့၏ အငယ်အကြီး၊ တန်ဘိုးများသည်၏ အစွမ်းဖြင့် သုဘ၊ တန်ဘိုးနည်းသည်၏ အစွမ်းဖြင့် အသုဘ ဖြစ်သော သူတစ်ပါးတို့၏ ပစ္စည်းဝတ္ထုတည်း။

## ၂၇။ သာရိပုတ္တတ္ထေရဝတ္ထု

အာသာ= ဣစ္ဆန္တိ တောဟီတိ အာသယော။ ဣသု-ဣစ္ဆာယံ၊ အ+အာ။
ဣကို အာပြု။(နဲ)အာသီသန်ံ ပတ္ထနံ အာသာ။အာသ+အ+အာ။[၁]
နိရာသာသံ= အာသီသတိ ပတ္ထေတိ တောယာတိ အာသာသာ။
အာ-သာသ၊ အာသီသေ၊ အ+အာ။ အာသီသတိ, အာသီသတိ၊
သာ၏ အာကို ဣ, ဤပြု။ ဓာတွတ္ထ ၃၉၈-ဂါထာရှု။
နတ္ထိ အာသာသာ ယဿာတိ နိရာသာသော။ ရ် လာ။

၇။တပန်း။ ၈။ဓာန်ဒီ-၂၉၂။ ၃။နိရုတ္တိ-၅၅၁။

http://www.dhammadownload.com



## ၂၈။ မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု

အာလယာ= အလ္လီယတိ ဧတေသူတိ အာလယာ။ အာ-လီ၊ သိလေသနေ၊

အ။[၁] (နဲ့)အာ ပုနပ္ပုနံ လယန္တိ အာရမ္မဏေသူတိ အာလယာ။

(နဲ့) ပုနပ္ပုနံ လယတိ သံကိလေသတိ ဧေဟီတိ အာလယာ။[၂]

အကထံကထီ= ကထီယတိ ဧတာယာတိ ကထာ။(ဝိစိကိစ္ဆာ)

ကထံ က္ကတိ ပဝတ္တာ ကထာ ကထံကထာ။

အဘယ်သို့ဖြစ်ပါလိမ့်မည်နည်းဟု ပြောဆိုကြောင်းဝိစိကိစ္ဆာ။

ကထံကထာ ယဿ အတ္ထီတိ ကထံကထီ။

န ကထံကထီ အကထံကထီ။[၃]

(နဲ့) "ကထမိဒံ ကထမဒ"န္တိ ပဝတ္တတီတိ ကထံကထာ။ ဆက်။

ကထံ ကထံ နှစ်ပုဒ်နှောင် ပဝတ္တတိအနက်၌ အပစ္စည်းသက်။

အမတောဂဓံ= ဩဂါဝတီတိ ဩဂဓံ။ အမတံ ဩဂဓံ အမတောဂဓံ။

ဩဂဓံ-၌ အဝ-ဂါဓောတ်+အ၊ ဂါ၌ ရဿပြု။[၄]

(နဲ့) အဝ-ဂါဟဓောတ်+အ။[၅] (နဲ့) အဝ-ဂမု+တ။[၆]

ကြိယာဝိသေသနအနက်၊ ဒုတိယာသက်။

## ၃၀။ စန္ဒာဘတ္ထေရဝတ္ထု

အင်္ဂီရပစ္ဆိယံ=အင်္ဂန္တိ ဝိနာသံ ဂစ္ဆန္တီတိ အင်္ဂီရာ။ အင်+အာရ၊ ပုံ, နပုံ။[၇]

ပသီယတိ ဗာဓိယတိ ဧတ္ထာတိ ပစ္ဆိ။ ပသ+ဆိ၊ ထိ။[၈]

အင်္ဂီရာနံ ပစ္ဆိ အင်္ဂီရပစ္ဆိ။

အနာဝိလံ= အာဝိလာတီတိ အာဝိလော။ အာ-ဝိလ+ဘေဒနေ၊ အ။

(နဲ့) အဝတိ ရက္ခတီတိ အာဝိလော။ အဝ+ရက္ခဏေ၊ က္ကလ။[၉]

နတ္ထိ အာဝိလော ယဿာတိ အနာဝိလော။

---

၁။ရူ-၃၅၁။ ၂။ဓာန်ဋီ-၁၆၃ ၃။သိဘာ-၃၊၁၃၄၊ ၄။ဓာန်ဋီ-၇၄၂။ ၅။ဂါထာသျှ။
၆။သိဘာ-၂၄၂၀။ ၇။မောဂ်-၇၊၁၆၄။ ၈။မောဂ်-၇၊၄၁။ ၉။ဓာ-ဒီပနီ။

http://www.dhammadownload.com



နန္ဒိဘဝပရိက္ခီဏ = ဘဝေသု ပရိက္ခီဏာ ဘဝပရိက္ခီဏာ။
နန္ဒိ ဘဝပရိက္ခီဏာ ယဿာတိ နန္ဒိဘဝပရိက္ခီဏော။(ဗ္ဗ)
ဘဝသုံးပါးတို့၌ကုန်ပြီးသော တဏှာရှိသော။
(နဲ) နန္ဒီ စ ဘဝေါ စ နန္ဒီဘဝံ။ နန္ဒီဘဝံ ပရိက္ခီဏံ ယဿာတိ-ဏော။[1]
ကုန်ပြီးသော တဏှာဘဝရှိသော။

## ၃၁။ သိဝလိတ္ထေရဝတ္ထု

သီဝလိ = သိဝံ လာတိ ဂဏှာတီတိ သီဝလိ။[2]
သိဝသဒ္ဒူပပဒ လာဓာတ်၊ က္လပစ္စည်းဖြင့် သိဝလိ-ဟူလိုလျက်
သိကို သီပြု။[3] (သို့) သိ၌ ဒီယပြု။
ပလိပထံ = ပရိဝဋ္ဋေတွာ ပထီယတိ ဂစ္ဆီယတီတိ ပလိပထော။
ပရိ-ပထ+အ၊ ရကို လပြု။[4]
(နဲ) ပရိတော ပထတီတိ ပရိပထော။[5]
အနေဇော = ဧဇတိ ကမ္ပတီတိ ဧဇော။ နတ္ထိ ဧဇော ယဿာတိ-ဇော။

## ၃၂။ သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု

အာလိန္ဒေ = အလိ သခါ က္လန္ဒော ဧတ္ထာတိ အာလိန္ဒော။ အလိပုဒ်+က္လန္ဒပုဒ်
ဖြင့် အလိန္ဒော-ဟူလိုလျက် အကို ဒီယပြု။[6]
(နဲ) အလျတေ ဘူသယတေတိ အလိန္ဒော။ အလဓာတ်+က္လန္ဒ။
အလိန္ဒောယေဝ အာလိန္ဒော။ အလိန္ဒ+သွတ္ထ ဏ။[7]
အလိ-ကို "အလတိ ဒံသေ ကူဇိတေ သဒ္ဒိတေ ဝါ သမတ္ထော
ဘဝတီတိ အလိ" အလ+က္လ၊ အဆွေခင်ပွန်း၊-ဟု ပြု။[7]

---

၁။မဋ္ဌ-၃၊၂၉၉။ ၂။မဋ္ဌ-၅၀၉။ ၃။ကျမ်းညွှန်း။ ၄။ဂါထာသျှ။ ၅။သရုပ်ပြ။ ၆။သူစိ။ ၇။ဓာ-ပန်း။

http://www.dhammadownload.com



ကင်္ခီ- ကင်္ခတေ အာဝရီယတေ ဝတ္ထာဒီဟိတိ ကင်္ခီ။ ကင်္ခ+က္လ။[1]

နာဘီ- နဘတိ ဟိံသတီတိ နာဘိ။ နဘ+က္လဏ်။[2]

အက္ခ်- အက္ခတိ ပဿတိ အနေနာတိ အက္ခိ။ အက္ခ+က္လ။[3]

(နဲ) အသတိ ဝိသယေသု ဗျာပီဝိယ ဘဝတီတိ-က္ခိ။

အသု+ခိ။ သကို ခပြု။ နပုံလိင်။

(နဲ) ကြက္ခတိ အနေနာတိ အက္ခိ။ ကြက္ခ+က္လ။ ကြကို အပြု။[4]

သြဋ္ဌ- သြဒနာဒီသု ဥဇ္ဈောန ဥဿီယတီတိ သြဋ္ဌော။ ဥသ+ဋ္ဌ။[5]

(နဲ) ဥသဓာတ်၊ ဒါဟော၊ တ၊ သာဒိသန္တ-စသောသုတ်ဖြင့် ဓာတွန်နှင့်

တကို ဋ္ဌပြု။ (နဲ) ဥသ-ဒါဟော၊ ဋ္ဌ။ သြပြု။[6]

ဒုဿံ- ဒု ရူပံ အသတိ ခေပေတိ, ဒီပေတီတိ ဝါ ဒုဿံ။ ဒု-အသ+သ။

သိရသံ- မနောဂိုဏ်းဖြစ်၍ သိရသံ၊ သိရသာ၊ သိရသော၊ သိရသိနှင့် အံကို

သြပြု၍ သိရောပုဒ်များ ပြီးသည်။[7]

ဦဟုတ်စိန်အဘိဓာန်၌ "သိရသံ-ဦးခေါင်းကို၊ မုဒ္ဓတိ-ဖြည်၏"

ဟု ပေး၏။

အလတ္တကကတာပါဒါ- အာ ဘုသော ရတ္တံ ကရောတီတိ အလတ္တကော။

အာ-ရတ္တ သဒ္ဒူပပဒ ကရဓာတ်၊ အာကို ရဿပြု၊ ရကို လပြုပါ။

အလတ္တကေန ကတာ ပါဒါ ယာယာတိ အလတ္တကကတာပါဒါ။

အလတ္တကကတပါဒါ-ဟူလိုလျက် ဆန်းကြောင့် တ၌ ဒီဃပြု။

ဝါကျအဖြစ်ယူက"အလတ္တကေန ကတာ အလတ္တကကတာ"ဟု

တွဲ၍ "(တဿာ-ထိုပြည့်တန်ဆာမ၏) ပါဒါ-တို့သည်၊ အလတ္တက

ကတာ-ချိပ်ရည်ဖြင့်ဆိုးမှု ပြုအပ်ကုန်သည်၊(ဟုတွာ)"ဟု ပေး။[8]

ကာမဘဝပရိက္ခီဏ- ကာမော စ ဘဝေါ စ ကာမဘဝါ။

ပရိက္ခိယိံသူတိ ပရိက္ခီဏာ။

ကာမဘဝါ ပရိက္ခီဏာ ယဿာတိ-ဏော။

---

၁။ဓာန်ဋီ-၂၇၂။ ၂။မောဂ်-၇၊၁၀။ ၃။ဓာန်ဋီ-၁၄၉။ ၄။မောဂ်-၇၊၈။ ၅။မောဂ်-၇၊၅၄.
၆။ဓာန်ဋီ-၂၆၂။ ၇။တိပိဋကန်။ ၈။ဂါထာသျှ

http://www.dhammadownload.com



## ၃၃။ ဇင္ဂိလတ္ထေရဝတ္ထု

ရေဏုဝဋ္ဋိဟိ= နိဝါတေ ရိတိ ဂစ္ဆတီတိ ရေဏု။ ရိဓာတ်+ဏု၊ ထိ, ပုံ။[၁]
ရိတိ, ရေတိ, ရယတိ-စသည်။ (နဲ့)ရီယတိ ပဿဝတီတိ ရေဏု။
ရိဓာတ်+ဏု။[၂] (နဲ့)ရိတိ ရိဏာတိ ဂစ္ဆတီတိ ရေဏု။[၃] ရေဝတ်မှုံ။
ရေဏူ စ သာ ဝဋ္ဋိစာတိ ရေဏုဝဋ္ဋိ။ ရေဝတ်မှုံစက်တို့ဖြင့်။
ဩဝဋ္ဋိကာယ= ပဟေဒ္ဒာ ဝဋ္ဋနံ ဩဝဋ္ဋော။
ဩဝဋ္ဋံ ကရီယတေတိ ဩဝဋ္ဋိကာ။[၄]
(နဲ့) အဝဝဋ္ဋနံ ဩဝဋ္ဋော။ ဩဝဋ္ဋော ယဿ အတ္ထီတိ-ကာ။[၅]
သတပေါရိသပပါတော=ပပတန္တိ အသ္မာတိ ပပါတော။ ပ-ပတ+ဏ။[၆]
သတပေါရိသော ပပါတော သတပေါရိသပပါတော။
အပ္ပဗုဒ္ဓိကော= ဗုဇ္ဈတိ တောယာတိ ဗုဒ္ဓိ။ (အသိဉာဏ်)
အပ္ပာ ဗုဒ္ဓိ ယဿာတိ အပ္ပဗုဒ္ဓိကော။
အနပနီတတာယ=အပနီယတေတိ အပနီတံ။ အပ-နီဓာတ်၊ တ။ (ဂဗ္ဘမလ်)
န အပနီတံ အနပနီတံ။ အနပနီတဿ ဘာဝေါ-တာ။
အာပဏံ= အာပဏာယန္တေ ဗျဝဟာရန္တေ အသ္မိန္တိ အာပဏော။
အာ-ပဏ+ဏ၊ ပုံ, နပုံ။[၇]
ဝဇိရကုဒ္ဒါလံ= ကုံ ပထဝိံ ဒါလယတိ ပဒါလေတိ ဘိန္ဒတိ ဧတေနာတိ
ကုဒ္ဒါလော။ ကု-ဒလ+ဏ၊ ပုံ, နပုံ။[၈]
ဝဇိရံ စ တံ ကုဒ္ဒါလောစာတိ ဝဇိရကုဒ္ဒါလော။
တဏှံ= တဏှာ စ မာနော စ တဏှာ။ ပုဗ္ဗဝိရူပေကသေသ်။
တဏှာဘဝပရိက္ခီဏံ= တဏှာ စ ဘဝေါ စ တဏှာဘဝံ။
တဏှာဘဝံ ပရိက္ခီဏံ အဿာတိ-ဏော။

---

၁။ကစ်-၆၇၁။ ၂။မောဂ်-၇၊၆၃။ ၃။ဓာတွတ္ထ။ ၄။မဟာဘာ-၁၊၂၃၁။
၅။သိဘာ-၃၊၁၆၈။ ၆။ဓာန်ဋီ-၆၀၈။ ၇။သူစိ။ ၈။နီတိပဒ-၃၁၇။

http://www.dhammadownload.com



## ၃၄။ ဇောတိကတ္ထေရဝတ္ထု

မဏိပါကာရေ= မဏာတိ ဇောတတိ ပဘာသတီတိ မဏိ။ မဏ+က္က။

(နဲ) မန် ပူရေန္တော သောမနဿံ ကရောန္တော က္ကတော ဂတော ပဝတ္တော တိ မဏိ။[၁] မန+က္ကပုဒ်၊ က္ကဓာတ်+ကွိ။ ပကုပ္ပတ္တိ တန္တိ ပါကာရော။

(နဲ) သမန္တတော ကရီယတေတိ ပါကာရော။ ပ-ကရ+ဏ၊ ဒီဃပြု။ မဏိ စ သော ပါကာရောစာတိ-ရော။

(နဲ) မဏိဝေ ပါကာရော မဏိပါကာရော။

## ၃၅။ နန္ဒပုတ္တကတ္ထေရဝတ္ထု

မာနုသကံ= မာနုသေ ဘဝေါ မာနုသကော။ မာနုသ+က။

ယောဂံ= ယုဥ္ဇတိ ဧတေနာတိ ယောဂေါ။ အသက်နှင့် ကာမဂုဏ်ငါးပါး။

သဗ္ဗယောဂဝိသံယုတ္တံ= သဗ္ဗေ ယောဂါ သဗ္ဗယောဂါ။
ဝိသံယုဇ္ဇတီတိ ဝိသံယုတ္တော။ သဗ္ဗယောဂေဟိ ဝိသံယုတ္တော-တ္တော။

## ၃၆။ နန္ဒပုတ္တကတ္ထေရဝတ္ထု

သဗ္ဗလောကာဘိဘုံ= သဗ္ဗော လောကော သဗ္ဗလောကော။
အဘိဘဝတီတိ အဘိဘူ။ သဗ္ဗလောကံ အဘိဘူ-ဘူ။

## ၃၇။ ဝင်္ဂီသတ္ထေရဝတ္ထု

ဝင်္ဂီသော= ဝင်္ဂေ ဇာတော ဝင်္ဂီသော။ ဝင်္ဂပုဒ်+ဤသပစ္စည်း၊ တဒ္ဓိတ်။

(နဲ) ဝါစာယ ဤသော က္ကဿရော ဝင်္ဂီသော။ ဝါစာပုဒ်+ဤသပုဒ်။

(နဲ) ပဋိဘာနသမ္ပန္နဝါစာယ အဓေ ဤသတိ အဘိဘဝတီတိ-သော။ ဝါစာသဒ္ဒါပြပဒ ဤသဓာတ်၊ အ။[၂]

---

[၁] အပဋ-၂၁၁၅၆။ [၂] အပဋ-၂၊၂၅၆၊နီတိဓာတု-၁၈၇၊တိပိဓာန်တွဲ-၁၈။

http://www.dhammadownload.com



(နဲ) ဝါဒီသဒ္ဒူပပဒ ဤသဓာတ်၊ အ၊ ဒကို ဂပြု၊ ဝါ၌ အာကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ငပြု။[၁]

ဝေဒိ= ဝိဒ-ဉာဏေ၊ သမီပေဇ္ဇတနိ၌ အဇ္ဇတနိဟူသော ယောဂဝိဘာဂဖြင့် ပစ္စုပ္ပန်အနက်၊ အဇ္ဇတနိ ဤသက်။

ယော စုတိံ ဥပပတ္တိံ စ ဝေဒိ= ဥပပဇ္ဇနံ ဥပပတ္တိ။

ပြိုင်= စုတိံ ဥပပတ္တိံအရ စုတိအနီး ပဋိသန္ဓေနေပြီးကာစ သတ္တဝါတို့၏ ရူပါရုံသည်၊ ဝေဒိအရ ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်အား အာရမ္မဏ။

ဂန္ဓဗ္ဗမာနုသား ဂန္ဓံ အဝတီတိ ဘက္ခတီတိ ဂန္ဓဗ္ဗာ။ ဂန္ဓ-အဝဓာတ်+အ။

(နဲ) ဂန္ဓံ အဗ္ဗတိ ပရိဘုဥ္စတီတိ ဂန္ဓဗ္ဗာ။ ဂန္ဓ-အဗ္ဗဓာတ်+အ။

(နဲ) ဂေါမှိ သဂ္ဂေ ဓုနာတိ ကမ္ပတီတိ ဂန္ဓဗ္ဗော။ ဂေါသဒ္ဒူပပဒ ဓူ+ဏ။ ဂေါ၏ ဩကို အပြု၊ ဓူ၏ ဥကို အဝပြု၊ နိဂ္ဂဟိတ်လာ၊ နပြု။[၂] ဂန္ဓဗ္ဗာ စ မာနုသာ စ ဂန္ဓဗ္ဗမာနုသာ။

## ၃၈။ ဓမ္မဒိန္နာတ္ထေရီဝတ္ထု

ပုရေ= အတိတ်ခန္ဓာငါးပါး။

ပစ္ဆာ= အနာဂတ်ခန္ဓာငါးပါး။

မဇ္ဈေ= ပစ္စုပ္ပန်ခန္ဓာငါးပါး။

ပြိုင်= ပုရေ, ပစ္ဆာအရ အတိတ်အနာဂတ် ခန္ဓာငါးပါးသည် ကိဉ္စနံအရ လောဘမူရှိ လောဘအား အာရမ္မဏ။ (၁)

မဇ္ဈေအရ ပစ္စုပ္ပန်ဖြစ်သော ခန္ဓာငါးပါးသည်၊ ကိဉ္စနံအရ လောဘမူရှိလောဘအား အာရမ္မဏ။ (၈)

---

၁။အပဋ- ၂၂၅၆၊နီတိဓာတု-၁၈၇၊တိပိဓာန်တွဲ-၁၈။ ၂။သူစိ။

http://www.dhammadownload.com



## ၄၀။ ဒေဝဟိတဗြာဟ္မဏဝတ္ထု

ဒဋ္ဌွာ= ဒါဓာတ်+အ+ယေျ။ ယျေ-ကို အရဟာအနက်၌ သက်ပါ။
ဒေယျဓမ္မော= ဒေယျော ဓမ္မော ယဿာတိ ဒေယျဓမ္မော။
ပုဗ္ဗေနိဝါသော= နိဝသိယိတ္ထာတိ နိဝါသော။ ပုဗ္ဗေ နိဝါသော-သော။
သတ္တမီအလုတ္တတပ္ပုရိသ်။
သဂ္ဂါပါယံ= သဂ္ဂေါ စ အပါယော စ သဂ္ဂါပါယံ။
သဂ္ဂအရ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာ ၂၀-ပါ ယူ။
ပြိုင်= သဂ္ဂါပါယအရ ငရဲသူငရဲသားတို့၏ ရှုပါရုံ နတ်ပြည်ဗြဟ္မာ့ပြည်ဟုဆိုအပ်သော ကမ္မပစ္စယဥတုဇရုပ်တို့၏ ဒူရပဋိစ္ဆန္နသဏှသုခုမဖြစ်သော ရှုပါရုံ၊ ပဿတိအရ ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်အားအာရမ္မဏ။
ဇာတိက္ခယံ= ခီယတိ ဧတေနာတိ ခယော။ ဇာတိယာ ခယော-ယော။
ဇာတိ၏ ကုန်ကြောင်း အရဟတ္တဖိုလ်။ ပဋ္ဌောနှင့် သဟပြိုင်။
ဝေါသိတော= ဝေါသိယိတ္ထာတိ ဝေါသိတော။ သုဒ္ဓကတ္တုသာဓန။[၁]
ဝိ-အဝ-သောဓာတ်၊ ဒိဝါဒိ၊ တပစ္စည်း။ သန္ဓိရုပ်တွက်လိုက "ဝိ+အဝ+သိတော"ဟုတည်၍ အဝကို ဩပြု၊ ဝခွင်းချေကပ်။
(နဲ) ဝေါသာပီယိတ္ထာတိ ဝေါသိတံ။ (ပြီးဆုံးစေအပ်ပြီးသော အရဟတ္တမဂ်ဉာဏ်တည်းဟူသော အဆုံး) ဝေါသိတံ အဿ အတ္ထီတိ-တော။
(နဲ) ဝေါသံ ဂတော ပတ္တော ဝေါသိတော။[၁]
ပြိုင်= အဘိညာအရအရဟတ္တမဂ်ဉာဏ်၊ ဝေါသိတောအရ ကြွင်းအရဟတ္တမဂ်စိတ္တုပ္ပာဒ်၊ သဟဇာတပြိုင်။
မုနိ= မုနနံ မောနံ။ မုနဓာတ်၊ ဉာဏဂတိအနက်ဟော၊ ဏ။
မောနံ ဂတော ပတ္တော မုနိ။ သမာသ်။ မောန-ဂ္ဂဓာတ်+ကွိ။

---

[၁] ဂါထာနိဿယ။

http://www.dhammadownload.com



သဗ္ဗဝေါသိတဝေါသာနံ• အဝသိယတီတိ ဝေါသာနံ။ အဝ-သောဓာတ်၊
ယု ပစ္စည်း၊ ဝလာ၊ အဝကို ဩပြု၊ သောဌ် ဩကို အာပြု။
သဗ္ဗေသံ ဝေါသာနံ သဗ္ဗဝေါသာနံ။

အလုံးစုံသောကိလေသာတို့၏ အဆုံးဖြစ်သောအရဟတ္တမဂ်
ဉာဏ်ဟူသောဗြဟ္မစရိယ။

အဝုသိ(အဝသိ)တိ ဝေါသိတော။ ဝုသိတော-ဟူလိုလျက် သုတ်ကြီး
ဖြင့် ဥကို ဩပြု၍ ဝေါသိတော-ဟု ဖြစ်၏။

သဗ္ဗဝေါသာနံ ဝေါသိတော သဗ္ဗဝေါသိတဝေါသာနော။

သဗ္ဗဝေါသာနဝေါသိတော-ဟူလိုလျက် ဝေါသာနနှင့် ဝေါသိတ
ရှေ့နောက်ပြန်၍ သဗ္ဗဝေါသိတဝေါသာနော-ဟု ဖြစ်၏။

အလုံးစုံသောကိလေသာတို့၏ အဆုံးဖြစ်သောအရဟတ္တမဂ်
ဉာဏ်ဟူသောဗြဟ္မစရိယကို ကျင့်သုံးပြီးသော။

"အားလုံး ဘဝနှင့် ဆန္ဒ တစ်သားတည်း ဖြစ်နိုင်ကြပါစေ"

အရှင်ကဝိပိယာလင်္ကာရ
ကြယ်တာရာစာချကျောင်း
မဟာဂန္ဓာရုံတိုက်၊ အမရပူရမြို့။
၁၃၇၁-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်။

http://www.dhammadownload.com

http://www.dhammadownload.com

## ( " အားဖြည့်ချက် " )

၁။ ရေဆန် လေဆန်
မှန်တိုင်းထန်၍
ဖော်ရံမဲ့ပြီး
တစ်ကိုယ်တည်းလည်း
ခရီးအရောက်
မလွဲဖောက်ဘဲ
ရဲတောက်စိတ်ဓာတ်
ငါလျော့ခတ်အံ့။

## ( "ကွာဟချက်" )

၂။ ကုန်းညီညာ သာစခန်း
မပန်းဘဲ လှမ်းရစဉ်။
စိတ်အာရုံ သတိနဲ့
ချော်လဲခိုက်တွင်။
သူယုတ်တို့မြင်ခဲ့လျှင်
ဟားတိုက်ချင် လွန်လွန်း။
သူငနာ ထိုသူမျိုးက
မေးမ,ထူ ကူညီနိုင်ကြ
လောကပုံညွှန်း။ (အရှင်ကဝိဝိယာလင်္ကာရ)

http://www.dhammadownload.com

http://www.dhammadownload.com